မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်၊ ၂၀၀၈ခုနှစ်၊ အောက်တိုဘာ ၂၄ ရက်၊ သောကြာနေ့၊ အတွဲ(၄၈)၊ အမှတ်(၂၄)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် တရုတ်-အာဆီယံ စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးတို့သို့ တက်ရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်

နေပြည်တော် အောက်တိုဘာ ၂၃

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ ကျင်းပသည့် (၅)ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲနှင့် (၅)ကြိမ်မြောက် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးတို့သို့ တက်ရောက်ခဲ့ပြီးနောက် ယနေ့ညနေ ၄နာရီခွဲတွင် အထူးလေယာဉ်ဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်သည်။

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ဉာဏ်ထွန်း၊

စာမျက်နှာ ၇ ကော်လံ ၁ *

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ကျင်းပသည့် (၅)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် (၅)ကြိမ်မြောက် တရုတ်-အာဆီယံ စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးတို့သို့တက်ရောက်ခဲ့ပြီးနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။ (အပေါ်ပုံနှင့် ဝဲပုံ) (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် အောက်တိုဘာ ၂၄ ရက်)

ကမ္ဘာ့လူသားများအကျိုး သယ်ပိုးစွမ်းဆောင် ကုလသမဂ္ဂမဏ္ဍိုင် ခိုင်ကျည်စွာ ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးကို ၁၉၄၅ခုနှစ် အောက်တိုဘာ ၂၄ရက်နေ့တွင် စတင်ဖွဲ့စည်းထူထောင်ခဲ့ရာ ယနေ့ဆိုပါလျှင် (၆၃)နှစ်တိုင်ခဲ့ပေပြီ။

ယခုအခါ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံပေါင်း ၁၉၂နိုင်ငံရှိပြီဖြစ်ရာ အဖွဲ့ဝင်နိုင်ငံတိုင်းက ကမ္ဘာ့ကုလသမဂ္ဂနေ့အခမ်းအနားကို ကျင်းပကြသည်။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးသည် ပဋိညာဉ်စာတမ်းပါ မွန်မြတ်ပြည့်စုံလှသည့် ရည်မှန်းချက်နှင့် အခြေခံမူများဖြစ်သော နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိန်းသိမ်းစောင့်ရှောက်ရန်၊ နိုင်ငံတကာစီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကိစ္စများကို ဖြေရှင်းရာ၌ ပူးပေါင်းဆောင်ရွက်မှု ရရှိရန်ဆိုသည့် မဏ္ဍိုင်ကြီးကို ခိုင်ကျည်စွာ ထိန်းသိမ်းစောင့်ရှောက်ထားပေသည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်ခဲ့သည့် အချိန်မှစ၍ ကမ္ဘာ့မိသားစုဝင်နိုင်ငံတစ်နိုင်ငံပီသစွာ နိုင်ငံတကာအရေးအရာများ၊ ကုလသမဂ္ဂအဖွဲ့ကြီး၏ လုပ်ငန်းဆောင်တာများကို အစဉ်တစိုက် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံသည် လွတ်လပ်၍တက်ကြွသော နိုင်ငံခြားရေးဝါဒကို ကျင့်သုံးပြီး ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီးငါးချက်နှင့်အညီ ကမ္ဘာ့နိုင်ငံများနှင့် ဆက်ဆံနေထိုင်ခဲ့သည်။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးသည် မွန်မြတ်သည့်လုပ်ငန်းစဉ်များကို ကြိုးပမ်းဆောင်ရွက်ရာတွင် ကမ္ဘာ့နိုင်ငံအသီးသီး တန်းတူရည်တူရှိမှု၊ အချုပ်အခြာအာဏာပိုင်မှုကို အလေးအနက်ထားပြီး နိုင်ငံကြီးငယ်မဟူ နိုင်ငံအားလုံးနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံအနေဖြင့်လည်း အဖွဲ့ဝင်နိုင်ငံများအားလုံးနှင့်လက်တွဲ၍ ကမ္ဘာ့လူသားများအကျိုးအတွက် သယ်ပိုးစွမ်းဆောင်သွားမည်သာ ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မကွေး ဥပစာကောလိပ် (၁၉၅၈-၁၉၆၃) ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ

ရန်ကုန် အောက်တိုဘာ ၂၃

မကွေး ဥပစာကောလိပ် (၁၉၅၈-၁၉၆၃) ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၈)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ၃၀ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီခွဲမှ မွန်းတည့် ၁၂နာရီအထိ တက္ကသိုလ်များ ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

၁၉၅၈ခုနှစ်မှ၁၉၆၃ခုနှစ်အထိ မကွေး ဥပစာကောလိပ်တွင် သင်ပြခဲ့ကြသော ဆရာကြီး ဆရာမကြီးများ ကြွရောက်ပူဇော်ခံကြပါရန်နှင့် ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ပူဇော် ကန်တော့ကြရန်နှင့် ပါဝင်လှူဒါန်းလိုပါက ကိုစိုးမြင့်ရှိန် ဖုန်း-၀၁-၅၈၄၈၇၅၊ ကိုကျော်သီဟ ဖုန်း-၀၁-၅၀၀၅၅၇၊ မသန်းနှစ် ဖုန်း-၀၁-၆၄၀၁၄၂၊ ကိုတင်စိုး ဖုန်း-၀၆၃-၂၃၆၁၆ နှင့် ကိုကံညွန့် ဖုန်း-၀၆၃-၂၃၅၇၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော် စစ်တွေမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၂၃

ရခိုင်ပြည်နယ် စစ်တွေမြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော်သည် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် တာဝန်ရှိသူများလိုက်ပါလျက် အောက်တိုဘာ၁၉ရက် နံနက်ပိုင်းက သင်ပုန်းတန်းကျေးရွာအုပ်စုရှိ တောင်သူဦးလုံးမောင်၏ လယ်မြေ ၁၉ဧက အတွင်း စိုက်ပျိုးထားသော သီးထပ်ရင် စပါးခင်းများနှင့် စံပြကွက်၌ စပါးရိတ်သိမ်းခြွေလှေ့နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများ အသိပညာဗဟုသုတတိုးပွားနိုင်စေရန် တောင်သူလယ်သမားများအတွက် အဓိကထုတ်ဝေသော ဒို့ကျေးရွာဂျာနယ်နှင့် အခြားစိုက်ပျိုးရေးဆိုင်ရာဂျာနယ်စာစောင်များကို ထောက်ပံ့ပေးအပ်သည်။

ပွိုင့်ကမ်းခြေ

ထို့နောက် ဗိုလ်ချုပ်ခင်ဇော်သည် စစ်တွေမြို့တွင်းရှိလမ်းများနှင့် လမ်းဘေးဝဲယာ သန့်ရှင်းသာယာလှပရေး၊ စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ မြို့တော်ခန်းမနှင့် ရုံးအဆောက်အအုံများ၊ မြို့မဈေးနှင့် ဈေးဆိုင်ခန်းများ၊ မြို့နေပြည်သူများ အေးချမ်းစွာ သွားလာလုပ်ကိုင်ဆောင်ရွက်နေမှုအခြေအနေနှင့် စစ်တွေမီးပြတိုက်အနီး ပွိုင့်ကမ်းခြေ အပန်းဖြေနေရာတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော် စစ်တွေမြို့ မင်းဇာနည်ကုမ္ပဏီလီမိတက်၏ တန်၃၀၀ဆံ့ အအေးခန်းနှင့် တန်၅၀ကျ ရေခဲစက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဗိုလ်ချုပ်ခင်ဇော်၊ တိုင်းမှူးနှင့်အဖွဲ့သည် စစ်တွေမြို့ စက်ရုံစုရပ်ကွက်ရှိ မင်းဇာနည်ကုမ္ပဏီလီမိတက်၏ တန်၃၀၀ဆံ့ အအေးခန်းနှင့် တန်၅၀ကျ ရေခဲစက်ရုံ၌ လျှပ်စစ်ဓာတ်အားရရှိစေရန်အတွက် စပါးခွံနှင့် ဒီဇယ်ရောနှောသုံး အင်ဂျင်ဖြင့် စက်များမောင်းနှင်လည်ပတ်နေမှု၊ ရေခဲစက်ရုံမှရေခဲများထုတ်ယူနေမှု၊ ငါးပုစွန်များအား သန့်စင် ထုပ်ပိုးနေမှု၊ အအေးပေးစက်ခန်း၊ အခဲခံခန်း၊ ငါးပုစွန် ကုန်ချောသိုလှောင်ခန်းတို့နှင့် ရရှိပြီး ကုန်ချောများကို အခဲခံထုပ်ပိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်ခင်ဇော်သည် စစ်တွေ တက္ကသိုလ် တည်ဆောက်ရေး စီမံကိန်းကိုလည်းကောင်း၊ မင်းဝံရပ်ကွက်ရှိ အာကျိတ်တော်ကုန်း၌ သဘာဝဘေးဒဏ်ကြုံတွေ့ရသည့်အခါ ကာကွယ်ဆောင်ရွက်ရေးနှင့်စပ်လျဉ်း၍ စီမံဆောင်ရွက်ထားမှုတို့ကိုလည်းကောင်း၊ စစ်တွေမြို့တွင်း ရေပေးဝေလျက်ရှိသည့် ကန်တော်ကြီးရေလှောင်ကန်ကိုလည်းကောင်း သွားရောက် ကြည့်ရှုစစ်ဆေးသည်။

စမ်းသပ်စိုက်ပျိုး

ယင်းနောက် ဗိုလ်ချုပ်ခင်ဇော်သည် စစ်တွေမြို့အထွက်ရှိ ကန်တော်ကြီး စံပြလယ်စိုက်ကွက်၌ ဆင်းနွယ်ရင်စပါး တစ်ဧက စမ်းသပ်စိုက်ပျိုးထားမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။ **(သတင်းစဉ်)**

မြဝတီ ရုပ်မြင်သံကြား

၂၄-၁၀-၂၀၀၈ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၁၅ ၄။ မဟာဂီတချိုကြည်မြ
၄း၂၀ ၅။ မျိုးချစ်တပ်မတော်
၄း၃၀ ၆။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၄၀ ၇။ မြန်မာစာ မြန်မာစကား
၅း၀၀ ၈။ အလွမ်းတေးပန်းချီချစ်သူဆီ
၅း၄၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၁။ နိုင်ငံတကာသတင်း
၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၃။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၆း၄၅ ၁၄။ လျှပ်တစ်ပြက်
၇း၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သံမဏိစိတ်ဓာတ်** (အပိုင်း-၁၆)
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ စိုက်ပျိုးသုတ
၂၀။ မိုးကုတ်ဆရာတော်ကြီး၏ ထေရုပ္ပတ္တိ
၂၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရွှေမင်းသမီးရဲ့ဖူးစာ** (အပိုင်း-၁၇)

ကြက်တောင်ဥပဒေနှင့် ဒိုင်လူကြီးသင်တန်းပို့ချမည်

ရန်ကုန် အောက်တိုဘာ ၂၃

မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်မှ ကြီးမှူး၍ ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ်မှ နောက်ဆုံးပြင်ဆင် ပြောင်းလဲထားသော ကြက်တောင်ဥပဒေနှင့် ဒိုင်လူကြီးသင်တန်းကို နိုဝင်ဘာ ၁ရက်မှ ၇ရက်အထိ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့များတွင် မွန်းလွဲ ၁ နာရီမှ ညနေ ၃နာရီအထိ ဖွင့်လှစ်ပို့ချမည်ဖြစ်သည်။

အဆိုပါသင်တန်းသို့ ကြက်တောင်ကစားနည်းကို စိတ်ဝင်စားသည့် ဝါသနာရှင်များ တက်ရောက်နိုင်ပြီး လက်ရှိဒိုင်အဖွဲ့ဝင်များအားလုံးသည်လည်း မွမ်းမံသင်တန်း တက်ရောက်ရမည်ဖြစ်ကြောင်းနှင့် အမျိုးသားကြက်တောင်အားကစားခန်းမ ၃၃၀/၃၃၂ အနော်ရထာလမ်း လမ်းမတော်မြို့နယ် ဖုန်း-၀၁-၂၂၁၄၉၆သို့ ကြိုတင်စုံစမ်း ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၄-၁၀-၂၀၀၈ (သောကြာနေ့)

AM & PM

၇း၀၀-၁း၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅ **နေရာတိုင်းမှာ တရားရှိတာ သိအောင်ကြည့်** တရားတော် (အပိုင်း-၁) (ဆရာတော်အရှင်ပုညာနန္ဒ)
၇း၅၅-၁း၅၅ အောင်စကြာ မိုးကုတ် ဝိပဿနာဓမ္မရိပ်သာ သာကေတမြို့နယ် ပထမအကြိမ် ပဋ္ဌာန်းသမုပ္ပာဒ် အထူးသင်တန်းဆင်းပွဲ
၈း၁၅-၂း၁၅ တေးဂီတအစီအစဉ်
၈း၂၀-၂း၂၀ VJ Choice
၈း၄၅-၂း၄၅ သာယာငြိမ်းချမ်း စိမ်းလန်းဝေစည်ငွေတောင်ပြည်
၉း၂၀-၃း၂၀ ပြည်တွင်းသတင်းအကျဉ်း
၉း၃၀-၃း၃၀ တေးဂီတအစီအစဉ်
၉း၃၅-၃း၃၅ ယနေ့သိပ္ပံနှင့်နည်းပညာ
၉း၅၀-၃း၅၀ နိုင်ငံတကာသတင်းအကျဉ်း
၉း၅၅-၃း၅၅ ခမ်းနားမှုများနှင့် တန်ဆာဆင်ခြင်း
၁၀း၁၀-၄း၁၀ မိုးလေဝသခန့်မှန်းချက်
၁၀း၁၅-၄း၁၅ တေးဂီတအစီအစဉ်
၁၀း၂၀-၄း၂၀ လေ့လာစရာကွန်ပျူတာကမ္ဘာ
၁၀း၄၀-၄း၄၀ ပြည်တွင်းသတင်းအကျဉ်း
၁၀း၅၀-၄း၅၀ ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၁၁း၁၅-၅း၁၅ တိရစ္ဆာန်တွေမွေးကြမယ်
၁၁း၃၀-၅း၃၀ နိုင်ငံတကာသတင်းအကျဉ်း
၁၁း၃၅-၅း၃၅ မြန်မာ့ရုပ်ရှင်နေ့ အကြိုဟောပြောပွဲနှင့် သက်ကြီးပူဇော်ပွဲ
၁၂း၀၅-၆း၀၅ လေလှိုင်းမှဖြေကြား ပရိသတ်များအမေးစကား
၁၂း၂၅-၆း၂၅ တေးဂီတအစီအစဉ်
၁၂း၃၀-၆း၃၀ Activities in the City (မင်္ဂလာဝတ်စုံနှင့် ခန်းဝင်ပစ္စည်းပြပွဲ)
၁၂း၄၀-၆း၄၀ Art Vision (Style 2 art exhibition)
၁း၀၀-၇း၀၀ MRTV-4 အပိတ် Logo၊

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

24-10 (02).pmd 1 10/24/2008, 2:49 AM

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့သို့ ရောက်ရှိ

နေပြည်တော် အောက်တိုဘာ ၂၃

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့၌ ကျင်းပမည့် (၅)ကြိမ်မြောက် တရုတ်-အာဆီယံ စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးသို့တက်ရောက်ရန် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မောင်ရှိန်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ အမှတ်(၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာခိုင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ အစိုးရအဖွဲ့ရုံးညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် အောက်တိုဘာ၂၀ရက် နံနက်၁၀နာရီတွင် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းအထူးလေယာဉ်ဖြင့် နေပြည်တော်မှ ထွက်ခွာခဲ့ရာ ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ ၃၅ မိနစ်တွင် နန်နင်းမြို့ နန်နင်းအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိသည်။

ကြိုဆိုနှုတ်ဆက်

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်က လေယာဉ်ပေါ်သို့ တက်ရောက်၍ ခရီးဦးကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များအား ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ ပါတီအမြဲတမ်းကော်မတီဝင် မစ္စတာ ရှင်န်းပေဟိုင်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာကွမ်မုနှင့် ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နိုင်ငံခြားရေးဌာန ဒုတိယအကြီးအကဲ မစ္စတာကျူးရှုဟွားတို့က လေယာဉ်လှေကားထိပ်မှ ကြိုဆိုနှုတ်ဆက်ကြပြီး ကလေးငယ်တစ်ဦးက ဝန်ကြီးချုပ်အား ဂုဏ်ပြုပန်းစည်းကို ဂါရဝပြုပေးအပ်သည်။

ထို့ပြင် နိုင်ငံတော်ဝန်ကြီးချုပ်အား ဒေသခံတိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ကလည်း ရိုးရာယဉ်ကျေးမှုအကများဖြင့် ဧည့်ခံကြိုဆိုကြသည်။

အမှတ်တရဓာတ်ပုံရိုက်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဒေသခံရိုးရာယဉ်ကျေးမှု အဖွဲ့ဝင်များနှင့်အတူ အမှတ်တရ ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များသည် ခေတ္တတည်းခိုမည့် ပြည်နယ်ဧည့်ဂေဟာ လီယွမ်ဟိုတယ် (Liyuan Resort)သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြသည်။ **(သတင်းစဉ်)**

လေဖိအားနည်း ရပ်ဝန်းဖြစ်ပေါ်

ရန်ကုန် အောက်တိုဘာ ၂၃

ယနေ့ မြန်မာစံတော်ချိန် ၁၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

နန်နင်း၌ ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် (၅)ကြိမ်မြောက် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့ နန်နင်းအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာရာ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ ပါတီအမြဲတမ်းကော်မတီဝင် မစ္စတာရှင်န်းပေဟိုင်နှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

■ *ကျောဖုံးမှ*

ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်တို့က မြဝတီဘဏ်လီမိတက် (နေပြည်တော်) ဘဏ်အဆောက်အအုံသစ်ကို ဖဲကြိုး ဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ထို့နောက်နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရ တင်အောင်မြင့်ဦးက မြဝတီဘဏ်လီမိတက်(နေပြည်တော်)ဘဏ်အဆောက်အအုံသစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည်ဝန်ထမ်းများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)သည် ဘင်ခရာအဖွဲ့ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်သည်။

ဂုဏ်ပြုဆုငွေချီးမြှင့်

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးကပန်းဖွားအဖွဲ့ ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်သည်။

ရှာသွန်းဖြိုး

ဆက်လက်၍နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ရွှေမိုး၊ ငွေမိုးများကို ရှာသွန်းဖြိုးပေးကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မြဝတီဘဏ် လီမိတက်(နေပြည်တော်)ဘဏ်အဆောက်အအုံသစ်နှင့်ဘဏ်လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဝန်ဆောင်မှုလုပ်ငန်းများ

ယခုဖွင့်လှစ်လိုက်သည့် မြဝတီဘဏ်လီမိတက် (နေပြည်တော်)ဘဏ်သည် စာရင်းရှင်အပ်ငွေ၊ ငွေစုဘဏ်အပ်ငွေ၊စာရင်းသေအပ်ငွေ၊ ငွေလွှဲခြင်း၊ ငွေပေးအမိန့်လွှာများ ရောင်းချခြင်း၊ ဘဏ်အာမခံ စာတမ်းများ ထုတ်ပေးခြင်း၊ Standing Instruction ကို ဘဏ်မှ လက်ခံဆောင်ရွက်ပေးခြင်း၊ ချေးငွေထုတ်ချေးခြင်း၊ငှားဝယ်စနစ်ဖြင့် ငွေချေးခြင်း စသည့် ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများကို ယနေ့မှစတင်၍လက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

* ရင်သွေးငယ်များ ကျန်းမာဖို့ အကောင်းဆုံးသည် မိခင်နို့။
* မိခင်နို့ဖြင့် မလုံလောက်လျှင် နွားနို့၊ ဆိတ်နို့အသုံးဝင်။
* အစဉ်ကျိုချက် တိုက်ကျွေးပေး အသင့်မြတ်ဆုံး ကျန်းမာရေး။

အထက (၁) ပုဇွန်တောင် မြတ်ဆရာပူဇော်ကန်တော့ပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၃

အထက(၁) ပုဇွန်တောင် ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၅)ကြိမ်မြောက် မြတ်ဆရာပူဇော်ကန်တော့ပွဲနှင့် တွေ့ဆုံပွဲကို ၂၀၀၉ခုနှစ် ဇန်နဝါရီလအတွင်း ကျင်းပမည်ဖြစ်သည်။ အခမ်းအနားဖြစ်မြောက်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၂၆ရက် မွန်းလွဲ၁နာရီတွင် အထက(၁)ပုဇွန်တောင်၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီဘဏ်လီမိတက် (နေပြည်တော်) ဘဏ်အဆောက်အအုံသစ်ကို တွေ့ရစဉ်။ (သတင်းစဉ်)

အမေရိကန်တပ်များ၏ လေကြောင်းတိုက်ခိုက်မှုကြောင့် အာဖဂန်တပ်ဖွဲ့ဝင်ကိုးဦးသေဆုံး၊ လေးဦးဒဏ်ရာရရှိ

ကဘူးလ် အောက်တိုဘာ ၂၃

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်းတွင် အမေရိကန်တပ်ဖွဲ့က လေကြောင်းမှတိုက်ခိုက်ခဲ့သဖြင့် အာဖဂန်တပ်ဖွဲ့ဝင်ကိုးဦး သေဆုံးပြီး လေးဦးဒဏ်ရာရသွားကြောင်း အာဖဂန်အရာရှိများက ပြောကြားသည်။

ပြောကြား

ဖြစ်စဉ်မှာ ခို့စ်ပြည်နယ် ဒါဝါမန်ဒါခရိုင်ရှိ အာဖဂန်စစ်စခန်းကို နေတိုးဦးဆောင်သည့် နိုင်ငံခြားစစ်ရဟတ်ယာဉ်များက တိုက်ခိုက်သည့်အတွက် သေဆုံး၊ ဒဏ်ရာရရှိခြင်းဖြစ်သည်ဟု အာဖဂန်ထိပ်တန်း အရာရှိတစ်ဦးက ပြောကြားသည်။

စုံစမ်းစစ်ဆေး

အမေရိကန်စစ်ဘက်က ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ အတည်ပြုသော်လည်း အသေးစိတ် ထုတ်ပြန်ကြေညာခြင်း မရှိပေ။ ယင်းကိစ္စနှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးနေကြောင်း အာဖဂန်နစ္စတန်ရှိ အမေရိကန်တပ်ဖွဲ့ဝင်များ၏ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကြီး ဂရက်ဂျူလီယန်က ပြောကြားသည်။

ပိုမိုများပြား

အာဖဂန်နစ္စတန်နိုင်ငံ၌ ယခုနှစ်အတွင်း အကြမ်းဖက်မှုများ ပိုမိုများပြားလာသည့်အပြင် နိုင်ငံခြားတပ်ဖွဲ့ဝင်များ၏ လေကြောင်းတိုက်ခိုက်မှုကြောင့် အရပ်သားများစွာ သေဆုံးခဲ့ကြရသည်။ **(အင်တာနက်)**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ အောက်တိုဘာ ၂၃ရက်က အသေခံကားဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် ပျက်စီးသွားသော ယာဉ်တစ်စီးကို တွေ့ရစဉ်။ (ယင်းကားဗုံးခွဲတိုက်ခိုက်မှုကြောင့် ကိုးဦးသေဆုံးပြီး ၂၀ဦး ဒဏ်ရာရခဲ့ကြောင်း သိရသည်။)

(အင်တာနက်ဓာတ်ပုံ)

မိုဆူးလ်မြို့၌ ကားဗုံးခွဲတိုက်ခိုက် အရပ်သားလေးဦး သေဆုံး

ဘဂ္ဂဒက် အောက်တိုဘာ ၂၃

အီရတ်နိုင်ငံ မိုဆူးလ်မြို့၌ အောက်တိုဘာ ၂၂ရက်က ကားဗုံးခွဲတိုက်ခိုက်မှု တစ်ရပ်ဖြစ်ပွားရာ အရပ်သားလေးဦးသေဆုံးသွားကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။

ဆက်လက်ပြောကြား

ယင်းကားဗုံးပေါက်ကွဲမှုသည် ဆွန်နီလူမျိုးအများစု နေထိုင်ရာအရပ်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ဆက်လက်ပြောကြားသည်။

စွန့်ခွာထွက်ပြေး

ယခုလ အစောပိုင်းက လူပေါင်း ၁၀၀၀၀ခန့် တိုက်ခိုက်မှုများကြောင့် မိုဆူးလ်မြို့ရှိနေအိမ်များကို စွန့်ခွာထွက်ပြေးကြရသည်။ **(အင်တာနက်)**

အစ္စရေးနိုင်ငံတောင်ပိုင်း နဂေးဗ် သဲကန္တာရအတွင်း စစ်ဘက်ဆိုင်ရာ လေယာဉ်ငယ်တစ်စင်း ပျက်ကျမှု ဖြစ်ပွားပြီးနောက် အစ္စရေးတပ်ဖွဲ့ဝင်များ စုံစမ်းစစ်ဆေးမှုများပြုလုပ်နေကြသည်ကို အောက်တိုဘာ၂၂ရက်က တွေ့ရစဉ်။

(ယင်းလေယာဉ်ငယ်သည် စစ်ဘက်ဆိုင်ရာ လေ့ကျင့်မှုများပြုလုပ်စဉ် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း၊ အစ္စရေးလေတပ်အရာရှိတစ်ဦးနှင့် တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။) **(အင်တာနက်ဓာတ်ပုံ)**

ကျူးဘားနှင့်ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆွေးနွေး

ဟာဗားနား အောက်တိုဘာ ၂၃

ကျူးဘားနိုင်ငံ ဟာဗားနားမြို့သို့ အလုပ်သဘော ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် ဗီယက်နမ် ဒုတိယသမ္မတ နရင်သီဒန်သည် အောက်တိုဘာ ၂၂ရက်က ကျူးဘားဒုတိယသမ္မတ ကာလို့စ်လက်နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန် တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း ကျူးဘားနိုင်ငံခြားရေး ဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ပူးပေါင်းဆောင်ရွက်

ကျူးဘားနှင့် ဗီယက်နမ်နှစ်နိုင်ငံအနေဖြင့် ယခင်နှစ်များကတည်းက ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ခဲ့ကြကြောင်း၊ နောင်လာမည့် အနာဂတ်ကာလတွင်လည်း ကန့်သတ်ချုပ်ချယ်မှုမရှိသော ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ကာလို့စ်လက်က ပြောကြားသည်။

လှူဒါန်း

အစည်းအဝေးအပြီးတွင် ယခုနှစ် ဩဂုတ်လနှင့် စက်တင်ဘာလများအတွင်းက တိုက်ခတ်ခဲ့သော ဟာရီကိန်း မုန်တိုင်းများကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသများအတွက် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ လုပ်ကိုင်ရန် အမေရိကန်ဒေါ်လာ ၃၀၀၀၀၀ကို နရင်သီဒန်က လှူဒါန်းခဲ့သည်။

ကုန်သွယ်မှုနိုင်ငံ

အာရှတိုက်၌ တရုတ်နိုင်ငံပြီးလျှင် ဗီယက်နမ်နိုင်ငံသည် ကျူးဘားနိုင်ငံ၏ ဒုတိယအကြီးဆုံး ကုန်သွယ်ဘက်နိုင်ငံဖြစ်ကြောင်း၊ နှစ်နိုင်ငံကုန်သွယ်မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ သန်း ၄၅၀နီးပါးရှိကြောင်း သိရသည်။ **(အင်တာနက်)**

အိုဘားမားက မက်ကိန်းထက် ၁၂မှတ်ထောက်ခံမှုပိုရ

ဝါရှင်တန် အောက်တိုဘာ ၂၃

အမေရိကန်သမ္မတ ရွေးကောက်ပွဲအတွက် အပြိုင်မဲဆွယ် လျက်ရှိစဉ် အိုဘားမားကို အမျိုးသမီး မဲဆန္ဒရှင်များက ပိုမိုထောက်ခံလာသည့် အတွက် အိုဘားမားက ဂျွန်မက်ကိန်းထက် ယခုအခါ ၁၂မှတ် ပိုမို၍ ထောက်ခံမှုရရှိလာနေကြောင်း ကြာသပတေးနေ့ထုတ် လူထုသဘောဆန္ဒကောက်ယူမှု စစ်တမ်းအရ သိရသည်။

အသီးသီးရရှိ

နိုဝင်ဘာ ၄ရက် သမ္မတ ရွေးကောက်ပွဲမတိုင်မီ ရက်သတ္တနှစ်ပတ်ပင် မလိုတော့ချိန်တွင် အိုဘားမားက ၅၂ရာခိုင်နှုန်း၊ ဂျွန်မက်ကိန်းက ၄၀ ရာခိုင်နှုန်း အသီးသီးရရှိနေသည်။

(အင်တာနက်)

ပျက်စီးမှု

အီရတ်နိုင်ငံ ဒီယာလာပြည်နယ် ဘလက်ဒရပ်မြို့တွင် အသေခံဗုံးဖောက်ခွဲမှုဖြစ်ပွားခဲ့ပြီးနောက် အပျက်အစီးများကို အောက်တိုဘာ ၂၂ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

မက္ကဆီကို၌ လေယာဉ်ပျက်ကျ

မက္ကဆီကိုစီးတီး အောက်တိုဘာ ၂၃

မက္ကဆီကိုနိုင်ငံမြောက်ပိုင်း တာမူလီပါစ်ပြည်နယ်မှ ထွက်ခွာလာသည့် လေယာဉ်ငယ်တစ်စင်းမှာ အောက်တိုဘာ ၂၂ရက်က ပျက်ကျမှုဖြစ်ပွားခဲ့ရာ လေယာဉ်ပေါ်တွင် လိုက်ပါလာသူ ငါးဦးစလုံး သေဆုံးသွားခဲ့ကြောင်း ဒေသအာဏာပိုင်များက ပြောကြားသည်။

လေယာဉ်မှာ မြေမျက်နှာပြင်မှအထက် အမြင့်မီတာ ၈၀၀ အရောက်တွင် မတော်တဆ ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီးနောက် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

အီရတ်နိုင်ငံ၌ အကြမ်းဖက်တိုက်ခိုက်မှုများပြင်းထန် အရပ်သားများ သေဆုံးမှု ပိုမိုများပြားလာ

ဘဂ္ဂဒက် အောက်တိုဘာ ၂၃

အီရတ်နိုင်ငံ၌ အရပ်သားများသေဆုံးမှု ဦးရေသည် ၂၀၀၇ခုနှစ်ကထက် ၂၀၀၈ခုနှစ် နှစ်ဆန်းပိုင်းတွင် မြင့်တက်လာကြောင်း အီရတ်နိုင်ငံ၏ တရားဝင်စာရင်းဇယားများက ဖော်ပြသည်။

အကြမ်းဖက်တိုက်ခိုက်

အဆိုပါနိုင်ငံ၌ အကြမ်းဖက်တိုက်ခိုက်မှုများ နေ့စဉ်ပျမ်းမျှ လေးကြိမ်ခန့် ဖြစ်ပွားလျက်ရှိသည်။ ယင်းအကြမ်းဖက်မှုများ၌ အမေရိကန်နှင့်အပေါင်းပါတို့၏ တိုက်ခိုက်မှုများလည်း ပါဝင်သည်။

သေဆုံးဒဏ်ရာရ

၂၀၀၇ခုနှစ်က အီရတ်နိုင်ငံအတွင်း အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် အရပ်သား ၂၂၅၈၆နှင့် ၂၄၁၅၉ဦးအကြား သေဆုံးခဲ့ရကြောင်း သက်ဆိုင်ရာစာရင်းများက ဖော်ပြသည်။ သေဆုံးသူများတွင် အမျိုးသားများမှာ အများဆုံးဖြစ်သည်။ အမျိုးသမီးများနှင့် ကလေးများ သေဆုံးမှုမှာလည်း တိုးလာသည်ဟုဆိုသည်။ **(အင်တာနက်)**

ကုသမှုခံယူ

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ရှိ ဆေးရုံ၌ လမ်းဘေးဗုံး ပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရရှိသွားခဲ့သည့် အမျိုးသမီးတစ်ဦး ဆေးဝါးကုသမှုခံယူလျက်ရှိသည်ကို အောက်တိုဘာ ၂၂ရက်က တွေ့ရစဉ်။

(ယင်း လမ်းဘေးဗုံးပေါက်ကွဲမှုတွင် နှစ်ဦးသေဆုံးပြီး ခုနစ်ဦး ဒဏ်ရာရရှိခဲ့သည်။)

(အင်တာနက်ဓာတ်ပုံ)

တရုတ်-အာဆီယံ ကုန်စည်ပြပွဲတွင် ပါဝင်ခင်းကျင်းပြသမည့် မြန်မာကုန်စည်ပြခန်းဖွင့်ပွဲ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ချီးမြှင့်ပြီး ပြခန်းများကြည့်ရှုအားပေး

နေပြည်တော် အောက်တိုဘာ ၂၃

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် အောက်တိုဘာ၂၂ရက် ညနေပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့ရှိ နန်နင်းနိုင်ငံတကာကွန်ဗင်းရှင်းနှင့် ပြပွဲဗဟို (Nanning International Convention & Exhibition Center) ၌ ကျင်းပသည့် (၅)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲတွင် ပါဝင်ခင်းကျင်းပြသမည့် မြန်မာကုန်စည်ပြခန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပြီး ပြခန်းများကို ကြည့်ရှုအားပေးသည်။

ကြိုဆို

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ညနေ၅နာရီခွဲတွင် (၅)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲကျင်းပမည့် နန်နင်းနိုင်ငံတကာကွန်ဗင်းရှင်းနှင့် ပြပွဲဗဟိုသို့ရောက်ရှိကြရာ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ ပါတီအမြဲတမ်းကော်မတီဝင် မစ္စတာရှင်န်းပေဟိုင်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာကွမ်မုနှင့် ကုန်စည်ပြပွဲဖြစ်မြောက်ရေးကော်မတီဝင်များက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များ ကုန်စည်ပြပွဲကျင်းပမည့် ပြပွဲဗဟို မြေညီထပ်သို့ ရောက်ရှိကြရာ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် စီးပွားရေးလုပ်ငန်းရှင်များက ကြိုဆိုကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ယင်းနောက် မြန်မာနိုင်ငံက ပါဝင်ခင်းကျင်းပြသမည့် မြန်မာကုန်စည်ပြခန်းဖွင့်ပွဲအခမ်းအနားကို ပြပွဲဗဟို ပထမထပ်ရှိ မြန်မာကုန်စည်ပြခန်း မုခ်ဦးရှေ့၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်တို့က ပြခန်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်အား မြန်မာအမျိုးသမီးစွမ်းဆောင်ရှင်များအသင်း အလုပ်အမှုဆောင် သီရိသုဓမ္မသီဂီဒေါ်တင်နွယ်ဦး(မှန်ချီဆေးတိုက်)က ဂါရဝပြု ပန်းစည်းပေးအပ်သည်။

ကြည့်ရှုအားပေး

မြန်မာကုန်စည်ပြခန်း ဖွင့်ပွဲအခမ်းအနားမစတင်မီ ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြပွဲဗဟိုမြေညီထပ်ရှိ ခေတ်မီအဆင့်မြင့်နည်းပညာ (Pavillion of Advanced Technology) ပြခန်းရှိ ရတနာပုံဆိုင်ဘာတက်မှ ထုတ်လုပ်သည့် ကျေးလက်ဒေသသုံး ဆက်သွယ်ရေးစက်ပစ္စည်းများနှင့် ကမ်းရိုးတန်းဒေသသုံး တယ်လီဖုန်းတို့ကို ကြည့်ရှုအားပေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း ပြခန်းရှိ သစ်အချောထည်ပစ္စည်းများကိုလည်းကောင်း၊ စားသောက်ကုန်လုပ်ငန်းပြခန်းတို့ကိုလည်းကောင်း၊ ငါးလုပ်ငန်းဦးစီးဌာန မြန်မာနိုင်ငံရေထွက်ပစ္စည်း ထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်းနှင့် ငွေပင်လယ်မွေးမြူရေးနှင့် ရေလုပ်ငန်းကုမ္ပဏီလီမိတက်တို့ ပူးပေါင်းစီစဉ်ပြသသည့် ပြခန်းရှိ ပြည်ပနိုင်ငံများသို့ ဈေးကွက်ဝင် အများဆုံးတင်ပို့လျက်ရှိသည့် ရေထွက်ကုန်ပစ္စည်းတို့ကိုလည်းကောင်း၊ မြန်မာနိုင်ငံ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်းပြခန်းရှိ စပါးနှင့် ဆန်တို့ကို လည်းကောင်း၊ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း ပြခန်းရှိ ပဲ၊ ပြောင်း၊ နှမ်းနှင့် တန်ဖိုးမြင့် ပဲမျိုးစုံတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုအားပေးကြသည်။

ငွေဆွမ်းအုပ်ပေးအပ်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မြန်မာကုန်စည်ပြခန်း ဖွင့်လှစ်ခြင်းအထိမ်းအမှတ်အဖြစ် ပါဝင်တက်ရောက် အားပေးချီးမြှင့်သည့် ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ ပါတီအမြဲတမ်းကော်မတီဝင် မစ္စတာရှင်န်းပေဟိုင်အား မြန်မာမှု အနုပညာလက်ရာ ငွေဆွမ်းအုပ်ကို ပေးအပ်သည်။

(၅)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲတွင် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ကကြီးမှူး၍ ညီနောင်အသင်းများက မြန်မာနိုင်ငံ ပြည်ပပို့ကုန် (Export Item) ဖြစ်သည့် စက်မှုထုတ်ကုန်ပစ္စည်း၊ လယ်ယာထွက်ကုန်ပစ္စည်း၊ ရေထွက်ပစ္စည်း၊ ကျောက်မျက်ရတနာ၊ စားသောက်ကုန်ပစ္စည်းများနှင့် သစ်အချောထည်ပစ္စည်းမျိုးစုံတို့ကို ပြခန်းပေါင်း ၈၂ခန်းဖြင့် စုံစုံလင်လင် ခင်းကျင်းပြသထားသည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့၌ ကျင်းပသည့် (၅)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲတွင် ပါဝင်ခင်းကျင်းပြသမည့် မြန်မာကုန်စည်ပြခန်းဖွင့်ပွဲသို့ တက်ရောက်ချီးမြှင့်စဉ်နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်တို့ ပြခန်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့၌ ကျင်းပသည့် (၅)ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲတွင် ပါဝင်ခင်းကျင်းပြသထားသော မြန်မာကုန်စည်ပြခန်းများကို တွေ့ရစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၂၄-၁၀-၂၀၀၈ ရက်
(သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ အတီးပြိုင်ပွဲ
၇:၅၅ ၅။ တေးဂီတအစီအစဉ်
၈:၁၀ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈:၃၀ ၇။ International News
၈:၄၀ ၈။ **အလျှော်အစား** အကယ်ဒမီဇင်ဝိုင်း၊ ငွေစင်သွန်း၊ ခင်သန်းနွယ် (ဒါရိုက်တာ-ကျော်ဇောလင်း)
၈:၅၀ ၉။ ကြေးမုံရိပ်သွင်တေးနှယဉ်

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ အတီးပြိုင်ပွဲ
၄:၂၀ ၃။ တေးဂီတအစီအစဉ်
၄:၃၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာအထူးပြု)(ရူပဗေဒ)
၄:၄၀ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄:၅၅ ၆။ နားဝင်ပီယံသူ့လက်သံ
၅:၁၀ ၇။ တေးဂီတအစီအစဉ်
၅:၂၀ ၈။ အကပြိုင်ပွဲ
၅:၃၀ ၉။ နှောင်းခေတ်တေးပဒေသာ
၅:၄၀ ၁၀။ မြန်မာစာ မြန်မာစကား
၅:၅၀ ၁၁။ ကမ္ဘာ့ကုလသမဂ္ဂနေ့တေးများ
၆:၀၀ ၁၂။ ညနေခင်းသတင်း
၆:၃၀ ၁၃။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၄။ သုတစုံလင်ရွှေဥာဏ်ရှင်
၇:၁၀ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကုန်သွယ်မှုန်တိုင်း** (အပိုင်း-၂၀)
၈:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၈။ **၂၀၀၈ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊အတီးပြိုင်ပွဲ**
၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **ပင်လယ်ပျော်မင်းသား** (အပိုင်း-၄၀)

သတိပေးနှိုးဆော်ချက်

၁။ ရန်ကုန်တိုင်းအတွင်း သီတင်းကျွတ်ကာလနှင့် တန်ဆောင်တိုင်ကာလများတွင် ဗြောက်အိုး၊ မီးရှူးနှင့် မီးဒုံးများ(ရှူးဒိုင်း) ပစ်ဖောက်ခြင်းဖြင့် ပြည်သူများ အထိတ်တလန့်ဖြစ်စေခြင်း၊ မသမာသူများမှ ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးကို ထိခိုက်အောင် လုပ်လာနိုင်ခြင်းတို့ကြောင့် ဗြောက်အိုး၊ မီးရှူးနှင့် ဒုံးများ(ရှူးဒိုင်း) ပစ်ဖောက်ခြင်းကို တားမြစ်သည်။

၂။ ယင်းသို့တားမြစ်ထားသော်လည်း ယမန်နှစ် ၂၀၀၇ခုနှစ် သီတင်းကျွတ်ကာလနှင့် တန်ဆောင်တိုင်ကာလများတွင် ဗြောက်အိုး၊ မီးရှူးနှင့် ဒုံးများ(ရှူးဒိုင်း)များ ထုတ်လုပ်ရောင်းချသဖြင့် အရေးယူမှု ၁၃မှုတွင် ရောင်းချသူ ၁၁ဦးအား အနည်းဆုံးထောင်ဒဏ်နှစ်နှစ်မှ အများဆုံးထောင်ဒဏ် သုံးနှစ်အထိ ပြစ်ဒဏ်ချမှတ်အရေးယူခဲ့သည်။ ပစ်လွှတ်ခြင်း၊ ပစ်ဖောက်ခြင်းများပြုလုပ်သူနှစ်ဦးအား အနည်းဆုံးထောင်ဒဏ်တစ်နှစ်မှ အများဆုံးထောင်ဒဏ်နှစ်နှစ်အထိ ပြစ်ဒဏ်ချမှတ်အရေးယူခဲ့သည်။

၃။ သို့ဖြစ်ပါ၍ ယခုနှစ် ၂၀၀၈ခုနှစ်တွင် သီတင်းကျွတ်ကာလနှင့် တန်ဆောင်တိုင်ကာလများတွင် ဗြောက်အိုး၊ မီးရှူးနှင့် ဒုံးများ(ရှူးဒိုင်း)များအား ထုတ်လုပ်ရောင်းချခြင်း၊ ပစ်လွှတ်ခြင်း၊ ပစ်ဖောက်ခြင်းများပြုလုပ်ပါက ယခင်နှစ်များနည်းတူ တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

၄။ သတင်းပေးသူကို ထိုက်တန်စွာ ဆုချီးမြှင့်မည်။

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

(၅)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနား နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အာဆီယံနိုင်ငံများမှ အစိုးရအဖွဲ့ အကြီးအကဲများ တရုတ်-အာဆီယံ ချစ်ကြည်ရေးပေါင်းကူးတံတားနှင့် (၅)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲတံဆိပ်တို့ကို ပုံဖော်ပေးကြစဉ်။ (သတင်းစဉ်)

နေပြည်တော် အောက်တိုဘာ ၂၃

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် အောက်တိုဘာ၂၂ရက် နံနက်၉နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့ရှိ Nanning International Convention and Exhibition Centre ၌ ကျင်းပသည့် (၅)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲဖွင့်ပွဲအခမ်းအနား (The Opening Ceremony of The 5th China-ASEAN Expo) သို့ တက်ရောက်သည်။

တက်ရောက်

(၅)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာဝမ်ကျိရှန်၊ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အာဆီယံနိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ မြန်မာနိုင်ငံအပါအဝင် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အာဆီယံနိုင်ငံများမှ စီးပွားရေးလုပ်ငန်းရှင်များ၊ အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာဆူရင်ပစ်ဆူဝမ်နှင့် တာဝန်ရှိသူများ၊ အာဆီယံနိုင်ငံများအပါအဝင် နိုင်ငံတကာ သတင်းဌာနများမှ သတင်းထောက်များ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ အုပ်ချုပ်ရေးမှူး မစ္စတာမာပြောင်းက ပဏာမ ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာဆူရင်ပစ်ဆူဝမ်က အမှာစကားပြောကြားသည်။

ဆက်လက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာချန်တာ့မျင်က အမှာစကားပြောကြားသည်။

ယင်းနောက် တတိယအကြိမ် တရုတ်-အာဆီယံကုန်စည်ပြပွဲ ဖွင့်ပွဲနှင့် ပြပွဲကျင်းပခဲ့သည့် မှတ်တမ်းများကို ဗီဒီယိုဖြင့် ကောက်နုတ်ပြသသည်။

မိန့်ခွန်းပြောကြား

ထို့နောက် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဆမ်ဒက်ဟွန်ဆင်က မိန့်ခွန်းပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အာဆီယံနိုင်ငံများမှ အစိုးရအဖွဲ့အကြီးအကဲများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့သည် ဖွင့်ပွဲကျင်းပရန်အတွက် စင်မြင့်ပေါ်သို့ တက်ရောက်နေရာယူကြသည်။

ဆုတံဆိပ်များချီးမြှင့်

ဆက်လက်၍ တရုတ်-အာဆီယံ ကုန်စည်ပြပွဲသို့ ငါးနှစ်ဆက်တိုက် မပျက်မကွက် တက်ရောက်ခဲ့ကြသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီးဦးသိန်းလွင်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့် အပါအဝင် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးများ၊ စီးပွားရေးလုပ်ငန်းရှင်များအား ပြပွဲကျင်းပရေးဦးစီးကော်မတီကချီးမြှင့်သည့် ဂုဏ်ပြုစလွယ်နှင့် အထိမ်းအမှတ်ဆုတံဆိပ်များကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်က တရုတ်-အာဆီယံကုန်စည်ပြပွဲသို့ ငါးနှစ်ဆက်တိုက် မပျက်မကွက် တက်ရောက်ခဲ့သည့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်အား ဂုဏ်ပြုစလွယ်နှင့် အထိမ်းအမှတ် ဆုတံဆိပ်တို့ကို ပေးအပ်ဂုဏ်ပြုသည်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ် မစ္စတာဝမ်ကျိရှန်က ဖွင့်ပွဲအခမ်းအနား စတင်ကြောင်း ကြေညာသည်။

အထိမ်းအမှတ်တံဆိပ်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အာဆီယံနိုင်ငံများမှ အစိုးရအဖွဲ့အကြီးအကဲများက တရုတ်-အာဆီယံ ချစ်ကြည်ရေးပေါင်းကူးတံတားနှင့် (၅)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲ အထိမ်းအမှတ်တံဆိပ်တို့ကို ပုံဖော်ပေးကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် (၅)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် (၅)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲတွင် ခင်းကျင်းပြသထားသော ပြခန်းများကို ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဆေးနှင့်သင်ထောက်ကူပစ္စည်းများ ပေးအပ်လှူဒါန်း

နေပြည်တော် အောက်တိုဘာ ၂၃

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ကျန်းမာရေးဝန်ကြီးဌာနသို့ ဆေးနှင့် သင်ထောက်ကူပစ္စည်းများ ပေးအပ်လှူဒါန်းခြင်းအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် နေပြည်တော်ရှိ အသင်းရုံးချုပ်၌ကျင်းပရာ အခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်စောနှင်းနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

အစီအစဉ်အရ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်စောနှင်းက ကျန်းမာရေးဝန်ကြီးဌာနသို့ ငွေကျပ်သိန်း၂၀၀ တန်ဖိုးရှိ ဆေးနှင့် သင်ထောက်ကူပစ္စည်းများကို ပေးအပ်လှူဒါန်းရာ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဦးဝင်းမြင့်က လက်ခံပြီး ကျေးဇူးတင်စကားပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

24-10 (06).pmd 1 10/24/2008, 2:49 AM

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုအစိုးရမှ တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်

နေပြည်တော် အောက်တိုဘာ ၂၃

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် (၅)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် (၅)ကြိမ်မြောက် တရုတ်-အာဆီယံ စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေး အထိမ်းအမှတ်အဖြစ် အောက်တိုဘာ ၂၁ ရက် ညပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့ရှိ လီယွမ်ဟိုတယ် နိုင်ငံတကာ ကွန်ဖရင့်ဗဟို၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုအစိုးရမှ တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။

တက်ရောက်

အဆိုပါဂုဏ်ပြုညစာစားပွဲသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာဝမ်ကျိရှန်၊ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ မင်းသမီး Her Royal Highness Hajah Masna နှင့် ၎င်း၏ကြင်ရာတော်၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဆမ်ဒက်ဟွန်ဆင်၊ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ဘွန်ညံဗိုရာချစ်၊ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr. Hoang Trung Hai ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မောင်ရှိန်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်အုန်းမြင့်၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်သိန်းဆွေ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာခိုင်၊ နိုင်ငံခြားရေးဝန်ကြီးဌာနဒုတိယဝန်ကြီးဦးမောင်မြင့်၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ဝင်းမြင့်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ၊ စင်ကာပူသမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ သက်ဆိုင်ရာဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် တာဝန်ရှိသူများ၊ အာဆီယံအတွင်းရေးမှူးချုပ် မစ္စတာ ဆူရင်ပစ်ဆူဝမ်နှင့် နိုင်ငံအသီးသီးမှ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ဂုဏ်ပြု ညစာစားပွဲ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် (၅)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် (၅)ကြိမ်မြောက် တရုတ်-အာဆီယံ စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေး အထိမ်းအမှတ်အဖြစ် နန်နင်းမြို့ရှိ လီယွမ်ဟိုတယ် နိုင်ငံတကာကွန်ဖရင့်ဗဟို၌ တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်စဉ်။

(သတင်းစဉ်)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်များ မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၈ ခုနှစ် အောက်တိုဘာလအတွက်
နောက်ဆုံးပတ်(တနင်္ဂနွေနေ့)
(၂၆-၁၀-၂၀၀၈)ရက်နေ့
၂၀၀၈ ခုနှစ် နိုဝင်ဘာလအတွက်
(၉-၁၁-၂၀၀၈)ရက်နေ့
နှင့်
(၃၀-၁၁-၂၀၀၈)ရက်နေ့

✻ ရှေ့ဖုံးမှ

ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်၊ ဗိုလ်ချုပ်အုန်းမြင့်၊ ဗိုလ်ချုပ်သာအေး၊ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်နှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ Mr. Wang Zongying နှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ပြန်လည်လိုက်ပါ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ခေါင်းဆောင်သောအဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မောင်ရှိန်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်အုန်းမြင့်၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော်၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာခိုင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများလည်း ပြန်လည်လိုက်ပါလာကြသည်။ **(သတင်းစဉ်)**

မန္တလေးတိုင်း ကိုယ်စားပြုဇာတ်အဖွဲ့ ဘူရိဒတ်ဇာတ်တော်ကြီးဖြင့် ယှဉ်ပြိုင်တင်ဆက်

နေပြည်တော် အောက်တိုဘာ ၂၃

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဘူရိဒတ်ဇာတ်တော်ကြီးပြိုင်ပွဲကို ယနေ့ည ၇ နာရီတွင် နေပြည်တော် ရေဆင်းတက္ကသိုလ်နယ်မြေရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင် ရတနာခန်းမ၌ဆက်လက်ကျင်းပရာ မန္တလေးတိုင်း ကိုယ်စားပြု ချစ်နော် ဇာတ်အဖွဲ့က ဇာတ်တော်ကြီးဆယ်ဘွဲ့ဝင် ဆဋ္ဌမမြောက် ဘူရိဒတ်ဇာတ်တော်ကြီးဖြင့် ပြိုင်ပွဲဝင် ယှဉ်ပြိုင်တင်ဆက်သည်။

ကြည့်ရှုအားပေး

အဆိုပါ ဇာတ်တော်ကြီးပြိုင်ပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့်နှင့်ဇနီး ဒေါ်နုနုဆွေ၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့်ဇနီး၊ ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဇနီး၊ သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့်ဇနီး၊ ဒုတိယ တရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးလှမြင့်ဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး ကျော်ကျော်ဝင်း၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ အတွင်းရေးမှူး၊ လုပ်ငန်းကော်မတီအတွင်းရေးမှူးနှင့် လုပ်ငန်းကော်မတီဝင်များ၊ ဗဟို အကဲဖြတ်ပညာရှင်များနှင့် ပြည်နယ်နှင့်တိုင်းများမှ အကဲဖြတ်ပညာရှင်များ၊ တာဝန်ရှိသူများ၊ ဇာတ်သဘင်ပညာကို ချစ်မြတ်နိုးကြသော ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

မန္တလေးတိုင်းကိုယ်စားပြု ဇာတ်အဖွဲ့တွင် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင် ဦးစိန်လှိုင်က ကြီးကြပ်ပြီး ဇာတ်ညွှန်း ဖွဲ့ထက်ရှား (မန်းပန်တျာ)၊ ဒါရိုက်တာ မြေလတ်စောနိုင် (မန်းပန်တျာ)၊ ဂီတမှူး ပစ်တိုင်းထောင် (မန္တလေး)၊ ဘူရိဒတ် နဂါးမင်းအဖြစ် ဦးချစ်နော်၊ သုဒဿန နဂါးမင်းအဖြစ် ဦးပြုံးတို့ ခေါင်းဆောင်သော ဇာတ်ပို့ ဇာတ်ရံ အဖွဲ့သားများက ကဏ္ဍအလိုက် သရုပ်ဆောင် ယှဉ်ပြိုင်တင်ဆက်ကြပြီး ပစ်တိုင်းထောင် ဆိုင်းအဖွဲ့က ပံ့ပိုးတီးမှုတ်ပေးသည်။

လေးစားချီးကျူးဖွယ်ရာ

ဘူရိဒတ်ဇာတ်တော်ကြီး ယှဉ်ပြိုင်တင်ဆက်ရသည့် ရည်ရွယ်ချက်မှာ အလောင်းတော် ဘူရိဒတ်နဂါးမင်း၏ မြင့်မြတ်သော သီလပါရမီတော်ကို ကြည်ညိုသဒ္ဓါ ပွားများနိုင်စေရန်၊ သူတော်ကောင်းတို့၏ သည်းခံခြင်းတရားကို နားလည်နိုင်ကြစေရန်နှင့် မိတ်ဆွေကောင်းကို ပြစ်မှားသည့် မကောင်းမှုနှင့် ကျေးဇူးရှင်ကို ဒုက္ခပေးသည့် မိုက်ကြေးမိုက်ပြစ်တို့ကို အတုယူ မမှားစေရန်ဖြစ်ပြီး အနှစ်သာရမှာ သီလသတ္တိ၏ လေးစားချီးကျူးဖွယ်ရာကို ပြဆိုခြင်း၊ မိမိမှာ စွမ်းအားရှိပါလျက် သည်းခံနိုင်သော စိတ်ထားကို ပြဆိုခြင်း၊ သားကို ချစ်သော မိခင်တို့၏ သဘာဝကို ခံစားပြဆိုခြင်းနှင့် အမှားနှင့်အမှန် ခွဲခြားနိုင်ကြစေရန် ပြဆိုခြင်းတို့ ဖြစ်သည်။

(သတင်းစဉ်)

အိန္ဒိယအနောက်ပိုင်း၌ မီးပန်းစက်ရုံပေါက်ကွဲ ကလေးများအပါအဝင် ၁၈ ဦးသေဆုံး

မြန်မာ့အလင်း
အင်တာနက်
ဖောင်ပိတ်သတင်း

ဂျိုင်ပါ(အိန္ဒိယ) အောက်တိုဘာ ၂၃

အိန္ဒိယနိုင်ငံအနောက်ပိုင်း ဒီးမြို့ရှိ တရားမဝင် ထုတ်လုပ်သည့် မီးပန်းစက်ရုံသည် အောက်တိုဘာ ၂၃ ရက်က ပေါက်ကွဲမှုဖြစ်ပွားရာ ၁၈ ဦး သေဆုံးသွားကြောင်း ရဲအဖွဲ့က ပြောကြားသည်။

အဆိုပါ မီးပန်းစက်ရုံသည် နံနက်မိုးမလင်းခင်က ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ သေဆုံးသူများတွင် ကလေး ၁၀ ဦးပါဝင်ကြောင်း၊နေအိမ်နှင့် အလုပ်ရုံ တွဲထားခြင်းကြောင့် ထိခိုက်သေကျေမှု များခဲ့ရခြင်းဖြစ်ကြောင်း ရဲအဖွဲ့က ပြောကြားသည်။ **(အင်တာနက်)**

မြန်မာနိုင်ငံအနေဖြင့် တရုတ်တစ်နိုင်ငံတည်းမူဝါဒကို အစဉ်အမြဲလိုက်နာကျင့်သုံးခဲ့ ထိုင်ဝမ်ကျွန်းအား တရုတ်နိုင်ငံ၏ မည်သို့မျှခွဲခြား၍မရသည့် အစိတ်အပိုင်းအဖြစ်ခံယူ

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်

မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို မြန်မာအစိုးရနှင့်ပြည်သူများကသာ ဖြေရှင်းနိုင် ပြည်ပအင်အားစုများမှ မည်သည့်ပုံစံဖြင့် ဝင်ရောက်စွက်ဖက်မှုကိုမဆို ဆန့်ကျင်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာဝမ်ကျိရှန်

နေပြည်တော် အောက်တိုဘာ ၂၃

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာဝမ်ကျိရှန်တို့သည် အောက်တိုဘာ ၂၁ ရက် ညနေ ၃ နာရီ ၃၅ မိနစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့ရှိ လီယွမ်ဟိုတယ် နိုင်ငံတကာ ကွန်ဖရင့် ဗဟိုဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးကြသည်။

တက်ရောက်

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မောင်ရှိန်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာခိုင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာဝမ်ကျိရှန်နှင့်အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံလုံးဆိုင်ရာ နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့် ဒုတိယဥက္ကဋ္ဌ မစ္စတာ လီကျောက်ကျွား၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာချန်တာ့မျင်၊ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ ပါတီကော်မတီ အတွင်းရေးမှူး မစ္စတာ ဂိုရှန်းခွင်း၊ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ အုပ်ချုပ်ရေးမှူး မစ္စတာမာပြောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာဝူတာ့ဝေ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာကောင်းဟုချန်၊ နိုင်ငံတော် ခရီးသွားလာရေးဗျူရို အကြီးအကဲ မစ္စတာရှောက်ချီဝေနှင့် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေးအသင်း ဥက္ကဋ္ဌ မစ္စတာယွီဖျင်တို့ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က ပြောကြားရာ၌ အဆွေတော်နှင့်တကွ တရုတ်ခေါင်းဆောင်များအနေဖြင့် နိုင်ငံတော်၏ တာဝန်ဝတ္တရားကို မအားမလပ် ထမ်းဆောင်နေသည့်ကြားက (၅)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် (၅)ကြိမ်မြောက် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးတို့ကို တခမ်းတနားကျင်းပပေးခဲ့သည့်အတွက် လည်းကောင်း၊ မိမိအား ဖိတ်ကြားပေးခဲ့ခြင်းအတွက် လည်းကောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

နှုတ်ခွန်းဆက်သ

ဦးစွာ အဆွေတော်အပါအဝင် တရုတ်ခေါင်းဆောင်ကြီးများအား မြန်မာနိုင်ငံ ခေါင်းဆောင်ကြီးများဖြစ်ကြသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းတို့က နှုတ်ခွန်းဆက်သလိုက်ပါကြောင်းကို ပြောကြားလိုပါကြောင်း။

မိမိအနေဖြင့် နိုင်ငံတော်ဝန်ကြီးချုပ်တာဝန် စတင်ထမ်းဆောင်ပြီး တရုတ်နိုင်ငံသို့ ပထမဦးဆုံးအကြိမ်အဖြစ် ယခုနှစ် ဩဂုတ်လအတွင်းက ကမ္ဘာ့အိုလံပစ်သမိုင်းကြောင်းတစ်လျှောက်တွင် အကြီးကျယ်အခမ်းနားဆုံးနှင့် အအောင်မြင်ဆုံးဖြစ်သည့် ပေကျင်းအိုလံပစ်ပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ရန် ရောက်ရှိခဲ့ပါကြောင်း။

ဂုဏ်ယူဝမ်းမြောက်

ထိုကဲ့သို့ ဖွင့်ပွဲအခမ်းအနားနှင့် ပြိုင်ပွဲများကို အောင်မြင်စွာကျင်းပနိုင်ခြင်းအတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော် ခေါင်းဆောင်များ၊ အစိုးရနှင့် ပြည်သူ ပြည်သားအားလုံးက တရုတ်ပြည်သူ့သမ္မတနိုင်ငံ ခေါင်းဆောင်များ၊ အစိုးရနှင့် တရုတ်ပြည်သူအားလုံးနှင့် ထပ်တူ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းကို အဆွေတော်အား ထပ်မံပြောကြားလိုပါကြောင်း။

အိုလံပစ်ပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ မိမိတက်ရောက်နိုင်ခဲ့သည့်အတွက် အစဉ်အလာရှိပြီး နှစ်ပေါင်းများစွာတည်ရှိခဲ့သည့် မြန်မာ-တရုတ် ဆွေမျိုးပေါက်ဖော် ဆက်ဆံရေးကို ပိုမို အားသစ်လောင်းပေးရာရောက်သည်ဟု ခံယူပါကြောင်း။

ထပ်ဆင့်အောင်မြင်မှု

မိမိတို့၏ မိတ်ဆွေနိုင်ငံဖြစ်သည့် တရုတ်နိုင်ငံအနေဖြင့် ထပ်ဆင့်အောင်မြင်မှုတစ်ခုအနေနှင့်ကတော့ ၂၀၀၈ခုနှစ် စက်တင်ဘာ ၂၅ရက်၌ တရုတ်နိုင်ငံက တတိယမြောက် လူလိုက်ပါသည့် အာကာသယာဉ် (ရှန်ကျို့-၇)အား အောင်မြင်စွာလွှတ်တင်နိုင်ခဲ့ခြင်းနှင့် ပထမဦးဆုံး အာကာသအတွင်း လမ်းလျှောက်နိုင်ခဲ့ခြင်းပင် ဖြစ်ပါကြောင်း။

တရုတ်နိုင်ငံ၏ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ကမ္ဘာ့ထိပ်တန်းနိုင်ငံအဖြစ် ထပ်မံမှတ်တမ်းတင်နိုင်ခဲ့သည့် ဖော်ပြပါ အောင်မြင်မှုအတွက် အဆွေတော်တို့နှင့် ထပ်တူ ဝမ်းမြောက်ဂုဏ်ယူပါကြောင်းကို ပြောကြားလိုပါကြောင်း။

ယခု ကျင်းပပြုလုပ်သည့် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးများ စတင်ကျင်းပရန်အတွက် ၂၀၀၃ခုနှစ်က နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်မှ စတင်အကြံပြုဆွေးနွေးခဲ့ပြီး အာဆီယံနိုင်ငံများမှလည်း ထောက်ခံခဲ့သည့်အတွက် ၂၀၀၄ခုနှစ်က စတင်ကျင်းပခဲ့ခြင်းဖြစ်ပါကြောင်း။

တရုတ်နိုင်ငံ နန်နင်းမြို့အနေဖြင့် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးကို ၂၀၀၄ခုနှစ်က စတင်ပြီး အိမ်ရှင်အဖြစ် လက်ခံကျင်းပလာသည်မှာ ယခုနှစ်ဆိုလျှင် (၅)ကြိမ်မြောက်ကျင်းပနိုင်ခဲ့ပြီဖြစ်ပါကြောင်း။

တရုတ်-အာဆီယံ ကုန်စည်ပြပွဲများ ဆက်တိုက်ကျင်းပနိုင်ခဲ့ခြင်းကြောင့် တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများအကြားတွင် လည်းကောင်း၊ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံအကြားတွင် လည်းကောင်း ကုန်သွယ်ရေးပမာဏ ပိုမိုတိုးမြှင့်လာခြင်းဖြစ်ပါကြောင်း။

တိုးတက်ဆောင်ရွက်

ယခုနှစ်ကျင်းပသည့် ကုန်စည်ပြပွဲနှင့် ထိပ်သီးအစည်းအဝေးအနေဖြင့် တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံတို့အကြား ကုန်သွယ်ရေး ရင်းနှီးမြှုပ်နှံမှု၊ ခရီးသွားလုပ်ငန်းများသာမက ယခုနှစ်မှစတင်ပြီး သတင်းနှင့်ဆက်သွယ်ရေး နည်းပညာ၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍများအထိပါ ပူးပေါင်း ဆောင်ရွက်ရေးအတွက် အောင်မြင်စွာ တိုးတက်ဆောင်ရွက်နိုင်ခဲ့ပြီ ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ၂၀၀၄ခုနှစ်တွင် ကျင်းပခဲ့သည့် ပထမအကြိမ် နန်နင်းကုန်စည်ပြပွဲနှင့် ထိပ်သီးအစည်းအဝေးမှစ၍ နှစ်စဉ်တက်ရောက်ခြင်းကို ကြည့်ခြင်းအားဖြင့် မိမိတို့မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံနှင့် စီးပွားရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ခြင်းအပေါ် မည်မျှအလေးထားကြောင်း သိရှိနိုင်ပါကြောင်း၊ တရုတ်-အာဆီယံ စီးပွားရေးရင်းနှီးဖြစ်ထွန်းမှုကိုသာမက မြန်မာနှင့် တရုတ်နိုင်ငံတို့အကြား စီးပွားရေးဆက်ဆံမှုများ ပိုမိုဖြစ်ထွန်းလာစေမည်ဟု ယုံကြည်ပါကြောင်း။

တွန်းအားပေး

တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးအနေဖြင့် တရုတ်နိုင်ငံနှင့် အာဆီယံအဖွဲ့ဝင် နိုင်ငံများအကြား ဘက်ပေါင်းစုံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု လွတ်လပ်သော ကုန်သွယ်ရေးဒေသ ထူထောင်ခြင်းအား တွန်းအားပေးလိမ့်မည်ဟုလည်း ယုံကြည်ပါကြောင်း။

ယခုနှစ်ကျင်းပသည့် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေး၏ အဓိကဆောင်ပုဒ်ဖြစ်သည့် "အမြင်ကျယ်ကျယ်ဖြင့် ရှေ့ဆက်ဆောင်ရွက်ချက်" "Broader Vision, Move Action" ဆိုသည့် စကားရပ်နှင့်အညီ ပူးပေါင်းဆောင်ရွက်နိုင်သည့် နယ်ပယ်အသီးသီးတွင် ဆောင်ရွက်ဖွယ်ရှိသည်များကို ထိရောက်အောင်မြင်စွာဖြင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားကြရန် မိမိတို့အနေဖြင့် အဆင်သင့်ရှိပါကြောင်း။

မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုနှင့်စပ်လျဉ်း၍လည်း ပြောကြားလိုပါကြောင်း။

အနာဂတ် မြန်မာနိုင်ငံတော်အတွက် အရေးကြီးသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ဆန္ဒမဲပေးခွင့်ရှိသူ ၂၇သန်းကျော်အနက် ၉၂ဒသမ ၄၈ရာခိုင်နှုန်းက အတည်ပြုပေးခဲ့သည့်အတွက် အတည်ပြုပြဋ္ဌာန်းကြောင်း ကြေညာခဲ့ပြီးဖြစ်ပါကြောင်း။

ဒီမိုကရေစီနိုင်ငံ

မိမိတို့အနေဖြင့် ကြေညာထားပြီး ဖြစ်သည့်အတိုင်း ၂၀၁၀ပြည့်နှစ်တွင် ပါတီစုံအထွေထွေရွေးကောက်ပွဲကျင်းပကာ ဒီမိုကရေစီနိုင်ငံအဖြစ် ကူးပြောင်းတော့မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတော်အား အေးချမ်းတည်ငြိမ်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်အဖြစ် ဆက်လက်တည်ဆောက်သွားမည့် အဆင့်များအား မြန်မာနိုင်ငံ၏ အရင်းနှီးဆုံး မိတ်ဆွေနိုင်ငံဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် နားလည်မှုရှိပြီး မြန်မာနိုင်ငံဘက်မှ ဆက်လက် ထောက်ခံသွားလိမ့်မည်ဟု ယုံကြည်ပါကြောင်း။

အဆွေတော် သိရှိပြီးဖြစ်သည့်အတိုင်း မိမိတို့မြန်မာနိုင်ငံတွင် မေ ၂ရက်နှင့် ၃ရက်တို့၌ နာဂစ်မုန်တိုင်း တိုက်ခတ်ခြင်းခံခဲ့ရပြီး ယင်းသဘာဝဘေးဒဏ်သည် မြန်မာ့သမိုင်းကြောင်းတွင် ပထမဦးဆုံးအကြိမ် အဆိုးရွားဆုံး သဘာဝဘေးဒဏ်ဖြစ်ခဲ့ပါကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာဝမ်ကျိရှန်အား ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့ရှိ လီယွမ်ဟိုတယ် နိုင်ငံတကာကွန်ဖရင့် ဗဟိုဧည့်ခန်းမ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

အင်အားသစ်တစ်ရပ်

မုန်တိုင်းတိုက်ခတ်ခံခဲ့ရခြင်းအတွက် တရုတ်ခေါင်းဆောင်များထံမှ စာနာထောက်ထားကြောင်း သဝဏ်လွှာများပေးပို့ခဲ့ပြီး အရေးပေါ်ကယ်ဆယ်ရေးနှင့် အကူအညီ အမေရိကန်ဒေါ်လာ ၁၀ သန်းပေးအပ်ခဲ့ခြင်းများသည် မြန်မာပြည်သူအားလုံးအတွက် အင်အားတစ်ရပ်ဖြစ်စေခဲ့ပါကြောင်း။

ပထမအဆင့် ကယ်ဆယ်ရေးလုပ်ငန်းများ ပြီးဆုံးသွားပြီဖြစ်ပြီး လေဘေးသင့် ပြည်သူများ၏ လူမှုဘဝများ ပုံမှန်ပြန်လည်ရောက်ရှိရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်လျက်ရှိရာ အတိုင်းအတာတစ်ခုအထိ အောင်မြင်လျက်ရှိနေပြီ ဖြစ်ပါကြောင်း။

ဒုတိယအဆင့်အနေဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဆင့်ဆင့် ဆောင်ရွက်လျက်ရှိကြောင်း၊ လေဘေးသင့်ပြည်သူများ မူလအဆင့်ထက်သာလွန်ကောင်းမွန်သော နေအိမ်များဆောက်လုပ်ပေးခဲ့သည့်အပြင် မူလအသက်မွေးဝမ်းကျောင်းဖြစ်သည့် လယ်လုပ်ငန်း၊ ငါးဖမ်းလုပ်ငန်းနှင့် ဆားချက်လုပ်ငန်းများကို ပြန်လည်လုပ်ကိုင်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ပါကြောင်း။

လမ်းမကြီးငါးခု

ယင်းဒေသသည် မြစ်ဝကျွန်းပေါ်ဒေသဖြစ်၍ မြစ်ချောင်းများပေါများပြီး သွားလာရေးခက်ခဲပါကြောင်း၊ သို့ဖြစ်၍ သွားလာရေးလွယ်ကူစေရန် လမ်းမကြီး ငါးခု ဖောက်လုပ်ပေးလျက်ရှိကြောင်း၊ ထို့အပြင် Cyclone Shelter များလည်း တည်ဆောက်ပေးရန် စီမံလျက်ရှိပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် တရုတ်တစ်နိုင်ငံတည်း မူဝါဒ (One China Policy)ကို အစဉ်အမြဲလိုက်နာကျင့်သုံးခဲ့ပြီး ထိုင်ဝမ်ကျွန်းအား တရုတ်နိုင်ငံ၏ မည်သို့မျှ ခွဲခြား၍မရသည့် အစိတ်အပိုင်းအဖြစ် ခံယူထားပါကြောင်း။

အဆွေတော် ဒုတိယဝန်ကြီးချုပ်နှင့်တကွ တရုတ်နိုင်ငံ ခေါင်းဆောင်ကြီးများ ကိုယ်စိတ်ကျန်းမာချမ်းသာစေရန်အတွက် လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် တရုတ်ပြည်သူများ ဆတက်ထမ်းပိုး စည်ပင်ဝပြောတိုးတက်စေရန်အတွက် လည်းကောင်း၊ တရုတ်-မြန်မာ နှစ်နိုင်ငံဆက်ဆံရေး ယခုထက်ပိုမိုခိုင်မာတိုးတက်ရေးနှင့် နှစ်နိုင်ငံပြည်သူများအကြား ချစ်ကြည်ရေး ပိုမိုဖြစ်ထွန်းလာစေရေးအတွက် လည်းကောင်း ဆုမွန်ကောင်းများ တောင်းပါကြောင်း။

တွေ့ဆုံဆွေးနွေး

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယ ဝန်ကြီးချုပ် မစ္စတာ ဝမ်ကျိရှန်တို့ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့ရှိ လီယွမ်ဟိုတယ် နိုင်ငံတကာ ကွန်ဖရင့် ဗဟို ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

၂၀၀၄ခုနှစ်တွင် ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ပြီးနောက် နှစ်ဖက်ကူးသန်းရောင်းဝယ်ရေးတွင် သိသိသာသာ တိုးတက်လာခဲ့ကြောင်း၊ မိမိတို့နှစ်ဖက်အကြား ဆောင်ရွက်ရန်ကိစ္စ အများအပြားရှိသည့်အနက် အချို့ကိစ္စရပ်များကို အောင်အောင်မြင်မြင် အကောင်အထည်ဖော်ပြီးဖြစ်သကဲ့သို့ အချို့သောကိစ္စရပ်များမှာလည်း ကျန်ရှိနေသေးပါကြောင်းဖြင့် ပြောကြားသည်။

ပြောင်းလဲမှုမရှိ

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ ဝမ်ကျိရှန်က ပြောကြားရာ၌ နှစ်ပေါင်း ၅၀ကျော်အတွင်း နိုင်ငံတကာဆက်ဆံရေးအခြေအနေပြောင်းလဲမှု မြောက်မြားစွာရှိခဲ့သော်လည်း မိမိတို့ နှစ်နိုင်ငံဆက်ဆံရေးမှာ ပြောင်းလဲမှုမရှိခဲ့ကြောင်း။

မိမိတို့ နှစ်နိုင်ငံ နိုင်ငံရေးပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ဆောင်ရွက်နိုင်ခဲ့သကဲ့သို့ စီးပွားရေးနှင့် ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုများလည်း တိုးတက်လျက်ရှိကြောင်း။

တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် တရုတ်-မြန်မာ ဆက်ဆံရေးကို လွန်စွာအလေးထားပါကြောင်း။

နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု စဉ်ဆက်မပြတ် တိုးတက်နေမည်ဟုလည်း မျှော်လင့်ယုံကြည်ပါကြောင်း။

ဆုမွန်တောင်း

တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် မြန်မာနိုင်ငံတွင် နိုင်ငံရေးတည်ငြိမ်ရေး၊ စီးပွားရေးတိုးတက်ရေးနှင့် လူမျိုးစုများ စည်းလုံးညီညွတ်ရေး တိုးတက်ဖြစ်ပေါ်စေရန် အမြဲဆုမွန်တောင်းပါကြောင်း။

မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကိစ္စကို မြန်မာနိုင်ငံအစိုးရနှင့် မြန်မာပြည်သူများကသာ ကိုယ့်အားကိုယ်ကိုး ဖြေရှင်းနိုင်မည်ဖြစ်ပါကြောင်း၊ ပြည်ပအင်အားစုများမှ မည်သည့်ပုံစံဖြင့် ဝင်ရောက်စွက်ဖက်မှုကိုမဆို တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရအနေဖြင့် ဆန့်ကျင်ပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အနေဖြင့် မြန်မာနိုင်ငံ၏ အကျိုးစီးပွားကို လိုလားသည့် အိမ်နီးချင်းကောင်း နိုင်ငံတစ်နိုင်ငံဖြစ်ပါကြောင်း။

တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် ဘက်ပေါင်းစုံ အကျိုးတူပူးပေါင်းဆောင်ရွက်မှုကို အလေးထားပါကြောင်း။

အဆွေတော် ဝန်ကြီးချုပ်ကို ဝမ်းမြောက်စွာပြောကြားလိုသည့် ကိစ္စတစ်ရပ်မှာ တရုတ်နိုင်ငံအစိုးရမှ မြန်မာနိုင်ငံသို့ ကုန်တင်မီးရထားတွဲ၂၀၀၊ လူစီးမီးရထားတွဲ၂၀နှင့် စက်ခေါင်း ငါးစင်းတွဲကို လက်ဆောင်ပေးအပ်သွားရန် ဆုံးဖြတ်ထားပါကြောင်း၊ နှစ်နိုင်ငံအကြား၊ သက်ဆိုင်ရာဝန်ကြီးဌာနများအကြား မြန်မြန်ဆန်ဆန် ညှိနှိုင်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

အဆွေတော်အနေဖြင့် မြန်မာကိုယ်စားလှယ်အဖွဲ့ကို ဦးဆောင်၍ (၅)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် (၅)ကြိမ်မြောက် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးသို့ တက်ရောက်လာသည့်အတွက် မိမိအနေဖြင့် တရုတ်နိုင်ငံအစိုးရကိုယ်စား လှိုက်လှဲစွာ ကြိုဆိုပါကြောင်းဖြင့် ပြောကြားသည်။ **(သတင်းစဉ်)**

● *ကျောဖုံးမှ*

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာခိုင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အာဆီယံနိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာ ဆူရင်ပစ် ဆူဝမ်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

(၅)ကြိမ်မြောက် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးတွင် ရှေးဦးစွာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ ပါတီကော်မတီ အထွေထွေအတွင်းရေးမှူး မစ္စတာဂိုရှန်းခွင်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆင်က မိန့်ခွန်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က မိန့်ခွန်းပြောကြားရာတွင် မိမိအနေဖြင့် ၂၀၀၃ခုနှစ်တွင် ကျင်းပခဲ့သည့် အာဆီယံ+တရုတ် (Ten Plus One) အစည်းအဝေးတွင် ဝန်ကြီးချုပ် မစ္စတာဝမ်ကျားပေါင်က တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးကို အာဆီယံနှင့်တရုတ်တို့ ပူးပေါင်း၍ နှစ်စဉ်ကျင်းပရန် အဆိုပြုခဲ့ပြီး အာဆီယံဘက်မှ ခေါင်းဆောင်များက သဘောတူအတည်ပြုခဲ့ကြသည်ကို သတိရမိကြောင်း။

အလေးအနက်

ယခုဆိုလျှင် ဤစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးကြီးသည် တရုတ်နှင့်အာဆီယံတို့အကြား စီးပွားရေးအသိုက်အဝန်း နယ်ပယ်အသီးသီးတို့တွင် အချင်းချင်း ဆက်သွယ်ပူးပေါင်းဆောင်ရွက်မှုအတွက် အလေးအနက်ပြုရမည့် အချက်အချာနေရာတစ်ခုအဖြစ် ရောက်ရှိလာသည်ကို တွေ့မြင်နေရပြီဖြစ်ကြောင်း။

ယခုနှစ် ထိပ်သီးအစည်းအဝေး၏ အဓိကရည်ရွယ်ချက်မှာ "ပိုမိုကျယ်ပြန့်သော အမြော်အမြင်နှင့် ရွေ့လျားနေသော ဆောင်ရွက်ချက်" (Broader Vision, Move Action) ဟူ၍ ဖြစ်ပါကြောင်း၊ ဤရည်ရွယ်ချက်၏ ရောင်ပြန်ဟပ်မှုကိုကြည့်ပါက တရုတ်နှင့်အာဆီယံတို့အကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများတွင်သာမက အခြားသော စီးပွားရေးနယ်ပယ်များတွင်လည်း ပိုမိုကျယ်ပြန့်သော အမြင်များဖြင့် ပူးပေါင်းဆောင်ရွက်မှုများသည် အရှိန်အဟုန်ဖြင့် တိုးတက်မှုများရရှိနေခြင်းကို တွေ့မြင်နေရပြီဖြစ်ပါကြောင်း၊ ဤထိပ်သီးအစည်းအဝေးကို ၂၀၀၄ခုနှစ်မှစ၍ နှစ်စဉ်ကျင်းပခဲ့ရာ ယခုနှစ် အစည်းအဝေးကြီးသည် ပဉ္စမအကြိမ်မြောက် ထိပ်သီးအစည်းအဝေးကြီးဖြစ်ကြောင်း။

အရှိန်အဟုန်ရရှိ

ထို့ပြင် ဤထိပ်သီးအစည်းအဝေးကြီးနှင့် အတူ နန်နင်းနိုင်ငံတကာ အနုပညာပြပွဲ၊ တတိယအကြိမ်မြောက်တရုတ် -အာဆီယံကြေးနန်းဆက်သွယ်ရေးရက်သတ္တပတ်အစည်းအဝေးများနှင့် အခြားစီးပွားရေး ဖိုရမ်များကို တစ်ပြိုင်နက်ကျင်းပနေခြင်းသည် တရုတ်-အာဆီယံ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်များ အရှိန်အဟုန်ရရှိနေကြောင်း ဖော်ပြလျက်ရှိကြောင်း။

ယနေ့ကမ္ဘာကြီးကိုကြည့်ပါက အာရှတိုက်သည် ကမ္ဘာပေါ်တွင်စီးပွားရေးတိုးတက်မှုနှုန်း အမြန်ဆုံးဒေသဖြစ်နေသည်ကို တွေ့ရပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ၂၁ရာစုတွင် စီးပွားရေးအင်အားကြီးနိုင်ငံတစ်နိုင်ငံဖြစ်လာပြီး စီးပွားရေးတိုးတက်မှုနှုန်းများကို ထိန်းသိမ်းထားနိုင်သည်သာမက လူနေမှုအဆင့်အတန်းတွင်လည်း ခေတ်မီတိုးတက်လာသည်ကို တွေ့ရပါကြောင်း။

တရုတ်နိုင်ငံ၏ ပြည်ပပို့ကုန်များ လျင်မြန်စွာတိုးတက်လာသည့်နည်းတူ သွင်းကုန်များလည်း အလားတူတိုးတက်နေသည်ကို တွေ့ရပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအတွက် ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်နှင့် အခြေခံကောင်းများကို ဖန်တီးထားပြီးဖြစ်သဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများလည်း အများအပြားစီးဝင်လာမည့် အလားအလာများ တွေ့ရှိနေရပါကြောင်း။

အာဆီယံသည် ၂၀၁၅ခုနှစ်တွင် အာဆီယံစီးပွားရေး အသိုက်အဝန်းကို တည်ထောင်ရန်ရည်ရွယ်လျက် ဒေသတွင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကို ထိရောက်စွာ အားသွန်ခွန်စိုက်ဆောင်ရွက်လျက်ရှိကြောင်း။

အခွင့်အလမ်းကောင်း

ယခုအခါ အာဆီယံ လွတ်လပ်သော ကုန်သွယ်မှုဒေသအစီအစဉ်သည် အောင်မြင်မှုလမ်းကြောင်းပေါ်တွင် ရောက်ရှိနေပြီဖြစ်ကြောင်း၊ အာဆီယံဒေသသည် သဘာဝသယံဇာတနှင့် လူအင်အားအရင်းအမြစ်များကြွယ်ဝပြီး စီးပွားရေးအခွင့်အလမ်းများကောင်းမွန်သောဒေသဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံသူများအတွက် ဆွဲဆောင်မှုများ အများအပြားရှိသည်ဖြစ်ရာ တရုတ်စီးပွားရေးလုပ်ငန်းရှင်များအတွက် အခွင့်အလမ်းကောင်းများ များစွာရှိကြောင်း။

ဆက်လက်၍ မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့၏ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအခြေအနေများကို အကျဉ်းချုပ်ပြောကြားလိုကြောင်း။

၂၀၀၄ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးလာရောက်စဉ် နှစ်နိုင်ငံအကြား လက်မှတ်ရေးထိုးခဲ့သည့် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာတွင် တရုတ်-မြန်မာ ကုန်သွယ်မှုပမာဏကို ၂၀၀၅ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁ဒသမ၅ဘီလီယံ ရှိစေရန်အတွက် ပူးပေါင်းဆောင်ရွက်ကြရန် ဖော်ပြပါရှိကြောင်း၊ ၂၀၀၇-၂၀၀၈ခုနှစ်တွင် မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၄ ဘီလီယံအထိ တိုးတက်လာကြောင်း၊ အဆိုပါ ကုန်သွယ်မှုပမာဏမှာ မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှုပမာဏ စုစုပေါင်း၏ ၂၄ဒသမ၂၁ ရာခိုင်နှုန်းရှိကြောင်း။

မြန်မာနိုင်ငံတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုမှာ စတုတ္ထနေရာတွင်ရှိကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှု အများဆုံးပြုလုပ်နေသည့်ကဏ္ဍများမှာ သတ္တုကဏ္ဍ၊ စက်မှုကဏ္ဍ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍ၊ လျှပ်စစ်ကဏ္ဍတို့ဖြစ်ကြောင်း။

ကုန်သွယ်မှုပမာဏ

မြန်မာနိုင်ငံနှင့် အာဆီယံနိုင်ငံများ၏ ကုန်သွယ်မှုပမာဏမှာ ၂၀၀၇-၂၀၀၈ခုနှစ်တွင် စုစုပေါင်းကုန်သွယ်မှုပမာဏ၏ ၅၁ ဒသမ ၈၈ ရာခိုင်နှုန်းရှိကြောင်း။

မြန်မာနိုင်ငံတွင် အာဆီယံ၏ ရင်းနှီးမြှုပ်နှံမှုမှာ ပထမနေရာတွင်ရှိပြီး ရင်းနှီးမြှုပ်နှံမှု ပမာဏမှာ စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၆၃ ဒသမ ၈ ရာခိုင်နှုန်းရှိကြောင်း၊ ဒုတိယအများဆုံး ရင်းနှီးမြှုပ်နှံမှုမှာ အီးယူနိုင်ငံများဖြစ်ပြီး တတိယအများဆုံး ရင်းနှီးမြှုပ်နှံမှုမှာ အခြားအာရှနိုင်ငံများဖြစ်ကြောင်း။

ပူးပေါင်းဆောင်ရွက်

တရုတ်နှင့် အာဆီယံတို့သည် နှစ်ဦးနှစ်ဖက်ပူးပေါင်း၍ အဆင့်မြင့် လွတ်လပ်သော ကုန်သွယ်မှုဒေသကြီးတစ်ခု ဖြစ်ပေါ်လာစေရေးအတွက် အာဆီယံ-တရုတ် ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ဘောင်သဘောတူစာချုပ်ကို ၂၀၀၃ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ကြပြီး အဆိုပါ ဘောင်သဘောတူစာချုပ်ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိကြကြောင်း။

တရုတ်-အာဆီယံ ကုန်စည်ကုန်သွယ်ရေး သဘောတူစာချုပ်ကို ၂၀၀၄ ခုနှစ်တွင်လည်းကောင်း၊ ဝန်ဆောင်မှု ကုန်သွယ်ရေးသဘောတူစာချုပ်ကို ၂၀၀၆ ခုနှစ်တွင်လည်းကောင်း လက်မှတ်ရေးထိုးခဲ့ကြပြီးဖြစ်ကြောင်း၊ ကျန်ရှိနေသေးသည့် ရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ်ကို ၂၀၀၈ခုနှစ် ဒီဇင်ဘာအတွင်း ကျင်းပပြုလုပ်မည့် အာဆီယံထိပ်သီး အစည်းအဝေးတွင် လက်မှတ်ရေးထိုးနိုင်ရန် နှစ်ဖက်စလုံး ကြိုးစားဆောင်ရွက်လျက်ရှိသည်ကို တွေ့မြင်နေရကြောင်း၊ အဆိုပါ သဘောတူစာချုပ်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် စာချုပ်ပါပြဋ္ဌာန်းချက်များနှင့် သတင်းအချက်အလက်များကို ပုဂ္ဂလိကကဏ္ဍအနေဖြင့် ကျယ်ကျယ်ပြန့်ပြန့် နားလည်သဘောပေါက်စေရေးအတွက် ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း။

၁၉၉၇ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ နိုင်ငံခေါင်းဆောင်များနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ပြုလုပ်ခဲ့သည့် ပူးတွဲကြေညာချက်တွင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ ဦးစားပေး ကဏ္ဍငါးခုဖြစ်သည့် လယ်ယာကဏ္ဍ၊ သတင်းဆက်သွယ်ရေးနှင့် နည်းပညာ၊ လူ့အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ နှစ်ဖက် အပြန်အလှန် ရင်းနှီးမြှုပ်နှံမှုနှင့် မဲခေါင်မြစ်ဝှမ်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် ပူးပေါင်းဆောင်ရွက်ကြရန် ပါရှိကြောင်း။

၂၀၀၅ခုနှစ် ဒီဇင်ဘာတွင် မလေးရှားနိုင်ငံ၌ပြုလုပ်ခဲ့သော (၉)ကြိမ်မြောက် အာဆီယံ-တရုတ် ထိပ်သီးအစည်းအဝေးကြီးတွင် ဦးစားပေးကဏ္ဍအသစ်ငါးခုဖြစ်သည့် စွမ်းအင်ကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍ၊ ပြည်သူ့ကျန်းမာရေးကဏ္ဍနှင့် ခရီးသွားကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ကြရန် အတည်ပြုခဲ့ကြပြီးဖြစ်ကြောင်း၊ ၂၀၀၇ခုနှစ်တွင် စင်ကာပူနိုင်ငံ၌ကျင်းပခဲ့သော (၁၁)ကြိမ်မြောက် အာဆီယံ-တရုတ် ထိပ်သီးအစည်းအဝေးကြီးတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍကို ဦးစားပေးကဏ္ဍအဖြစ် ထပ်မံဖြည့်စွက် အတည်ပြုခဲ့ကြောင်း၊ အဆိုပါ ထပ်မံတိုးချဲ့သည့် ဦးစားပေးကဏ္ဍများ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ခြင်းသည် ဤထိပ်သီးအစည်းအဝေးကြီး၏ ရည်ရွယ်ချက်ကို ထင်ဟပ်ပေါ်လွင်လျက်ရှိကြောင်း။

ယနေ့ကမ္ဘာကြီးသည် မသေချာမရေရာမှုများနှင့် စိန်ခေါ်မှုများကို ရင်ဆိုင်ကြုံတွေ့နေရကြောင်း၊ လောင်စာဆီနှင့် အစားအသောက်ဈေးနှုန်းများ မကြုံစဖူး မြင့်တက်လာခြင်းနှင့် ကမ္ဘာ့ဒေသအချို့တွင် ငွေကြေးအကျပ်အတည်းများ ဖြစ်ပေါ်နေမှုများသည် အဓိက ဖိအားများဖြစ်သည်ကို တွေ့ရှိရကြောင်း။

စွမ်းအင်အရင်းအမြစ်

ယခုအခါ လောင်စာဈေးနှုန်းမြင့်တက်လာမှုနှင့်ပတ်သက်၍ အာဆီယံအနေဖြင့် ဒေသတွင်းစွမ်းအင်ဖူလုံမှု စိတ်ချရစေရေးအတွက် ဆောင်ရွက်ရန်အချက်များကို အတည်ပြုချမှတ်ထားပြီးဖြစ်ကြောင်း၊ စွမ်းအင်ကဏ္ဍတွင် စွမ်းအင်ရင်းမြစ်သစ် ရရှိနိုင်မည့်နည်းလမ်းများ၊ အစားထိုးစွမ်းအင် အများအပြားထုတ်လုပ်နိုင်မှု နည်းလမ်းများ၊ စွမ်းအင်ရင်းမြစ်များကို ထိရောက်စွာအသုံးချခြင်းများနှင့် စွမ်းအင်အရင်းအမြစ်များ ပျက်စီးဆုံးရှုံးမှုမဖြစ်စေရေးတို့အတွက် ပူးပေါင်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း။

လယ်ယာကဏ္ဍသည် အာဆီယံနိုင်ငံ အများစုတွင် အဓိကစီးပွားရေးကဏ္ဍအနေဖြင့် ရှိနေဆဲဖြစ်ကြောင်း၊ ဆန်ဈေးနှုန်းများမြင့်တက်နေမှုသည် ဒေသအတွင်း စားနပ်ရိက္ခာဖူလုံမှုကို ထိခိုက်လာနိုင်ဖွယ်ရာရှိသဖြင့် စားနပ်ရိက္ခာထုတ်လုပ်မှုစွမ်းအားများ မြင့်မားလာစေရေးအတွက် နည်းပညာများဖလှယ်ခြင်းနှင့် သုတေသန လုပ်ငန်းများကို ပိုမိုထိရောက်စွာ ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

ကြိုးပမ်းဆောင်ရွက်

တိုးမြင့်လာသော အစားအစာဝယ်လိုအားနှင့် စွမ်းအင်လိုအပ်ချက်များကို အပြည့်အဝဖြည့်ဆည်းပေးနိုင်ရေးအတွက် အာဆီယံနှင့်တရုတ်နိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုများကို ပိုမို၍ ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ကမ္ဘာ့ဒေသအချို့တွင် ငွေကြေးအကျပ်အတည်းများဖြစ်ပေါ်နေခြင်းနှင့်ပတ်သက်၍ မိမိတို့ဒေသအတွင်းရှိ နိုင်ငံများအနေဖြင့် အဆိုပါငွေကြေးအကျပ်အတည်း၏ ဂယက်ရိုက်ခတ်လာနိုင်မှုကိုလည်း နိုင်ငံအလိုက် သတိပြုဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း။

ယခုအခါတွင် ကမ္ဘာ့ရာသီဥတု ပြောင်းလဲဖောက်ပြန်မှုနှင့် ပတ်ဝန်းကျင်ဆိုင်ရာကိစ္စများသည် ကမ္ဘာ့အဝန်းဂရုပြုရမည့်ကိစ္စများဖြစ်လာပါကြောင်း၊ အဆိုပါကိစ္စရပ်များသည် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်မှုဖြစ်စေသည့်အတွက် ကျွန်ုပ်တို့အားလုံး လက်တွဲ၍ စုပေါင်းကာကွယ်သွားကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့ မြန်မာနိုင်ငံတွင် နာဂစ်မုန်တိုင်းဒဏ်ခံရသည့်အခါ၌ မိတ်ဆွေအာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့က ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် ကူညီထောက်ပံ့မှုများပေးအပ်ခဲ့ခြင်းများအား အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားလိုကြောင်း။

တရုတ်နှင့် အာဆီယံတို့ နှစ်ဦးနှစ်ဖက်ပူးပေါင်း၍ အဆင့်မြင့်လွတ်လပ်သော ကုန်သွယ်မှုဒေသကြီး ဖြစ်ပေါ်လာရေးဆောင်ရွက်မှုများတွင် တိုးတက်မှုများရရှိနေသည်ကို တွေ့မြင်နိုင်ပါကြောင်း၊ ပြီးပြည့်စုံသည့် အာဆီယံ-တရုတ် လွတ်လပ်သောကုန်သွယ်မှုဒေသကြီး ဖြစ်ပေါ်လာစေရေးတွင် ပုဂ္ဂလိကကဏ္ဍ၏ ပါဝင်ပူးပေါင်းမှုမှာ အရေးပါသောအခန်းကဏ္ဍတွင်ရှိကြောင်း။

ဤထိပ်သီးအစည်းအဝေး၏ ရလဒ်များသည် အာဆီယံနှင့်တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ အရှိန်အဟုန်ဖြင့် တိုးမြှင့်လာစေရေးအတွက် အားပေးအထောက်အပံ့ပြုမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာဘွန်ညံဗိုရာချစ်က မိန့်ခွန်းပြောကြားသည်။

အမှာစကားပြောကြား

ယင်းနောက် ဖိလစ်ပိုင်သမ္မတနိုင်ငံ Speaker of the House of Representatives, Hon. Prospero C. Nograles က အမှာစကားပြောကြားသည်။

ဆက်လက်၍ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr. Hoang Trung Hai က မိန့်ခွန်းပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂကုန်သွယ်မှု နှင့် ဖွံ့ဖြိုးမှုဆိုင်ရာညီလာခံ အတွင်းရေးမှူးချုပ် (UNITED) Dr. Supachai Panitchpakdi က အမှာစကားပြောကြားသည်။

ယင်းနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာဝမ်ကျိရှန်က မိန့်ခွန်းပြောကြားကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ဂုဏ်ပြုလျက်-

ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်သူများသို့

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး၏ ဗဟိုအဆင့်ပြိုင်ပွဲကြီးကို နေပြည်တော်၌ ကျင်းပလျက်ရှိပါသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ၏ ဦးတည်ချက်များကို စိစစ်လေ့လာလျှင် ယနေ့နိုင်ငံတော်က ချမှတ်ကျင့်သုံးအကောင်အထည်ဖော် ဆောင်ရွက်နေသည့် နိုင်ငံရေးဦးတည်ချက်(၄)ရပ်၊ စီးပွားရေးဦးတည်ချက်(၄)ရပ်၊ လူမှုရေးဦးတည်ချက်(၄)ရပ်ဟူသော ဦးတည်ချက်(၁၂)ရပ်အနက် လူမှုရေးဦးတည်ချက်(၄)ရပ်တွင် အကျုံးဝင်နေကြောင်း တွေ့ရမည်ဖြစ်ပါသည်။ သို့ဖြစ်၍ နိုင်ငံတော်က ကျင်းပပေးနေသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး၏အရေးပါသော အခန်းကဏ္ဍကိုလည်း မြင်တွေ့နားလည်နိုင်ကြမည်ဖြစ်ပါသည်။

ယနေ့ပြောင်းလဲတိုးတက်လာသော အိုင်တီ(IT)နည်းပညာ ပစ္စည်းကိရိယာများဖြစ်သည့် အင်တာနက်၊ ဂြိုဟ်တုစလောင်း၊ ဒီဗွီဒီ၊ ဗွီစီဒီ၊ စီဒီ၊ တီဗွီတို့မှတစ်ဆင့် တိုင်းတစ်ပါးယဉ်ကျေးမှုများသည် မြန်မာ့ယဉ်ကျေးမှုနယ်ပယ်သို့ အတားအဆီးမဲ့ စိမ့်ဝင်ထိုးဖောက် ဝင်ရောက်လျက်ရှိပါသည်။ အိုင်တီနည်းပညာပိုင်းတွင် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်နေသော အင်အားကြီးနိုင်ငံများက ဖွံ့ဖြိုးစ၊ ဖွံ့ဖြိုးဆဲနိုင်ငံငယ်များအပေါ် ယဉ်ကျေးမှုမျက်နှာစာမှ လွှမ်းမိုးအနိုင်ယူရန် ကြိုးပမ်းလျက်ရှိကြပါသည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံသည်လည်း တိုင်းတစ်ပါးယဉ်ကျေးမှု၏ လွှမ်းမိုးဝါးမျိုမှု မခံရလေအောင် ကြိုးပမ်းကာကွယ်နေကြရမည် ဖြစ်ပါသည်။

မိမိတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်အစဉ်အမြဲ မြင့်မားစေရန်နှင့် အမျိုးသားရေးစရိုက်လက္ခဏာများ၊ ယဉ်ကျေးမှုအမွေအနှစ်များကို မြတ်နိုးတန်ဖိုးထား၍ ထိန်းသိမ်းစောင့်ရှောက်ကြရန်မှာ မြန်မာနိုင်ငံသားတိုင်း၏ အမျိုးသားရေးတာဝန်ကြီး ဖြစ်ပါသည်။ ယင်းသို့ အမျိုးသားရေး စရိုက်လက္ခဏာဖြစ်သည့် ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို မြတ်နိုးလေးစားစွာတန်ဖိုးထား ထိန်းသိမ်းနေကြမှုလည်း အမျိုးသားရေး ကိုယ်ခံစွမ်းအား မြင့်မားနေပြီး တိုင်းတစ်ပါးယဉ်ကျေးမှု၏ လွှမ်းမိုးမှုကို ပယ်ရှားနိုင်မည်ဖြစ်ပါသည်။

ဤတွင်ရိုးရာယဉ်ကျေးမှု အမွေအနှစ်ထိန်းသိမ်းခြင်းနှင့် စပ်လျဉ်း၍ အနည်းငယ် ရှင်းလင်းတင်ပြလိုပါသည်။ ရိုးရာယဉ်ကျေးမှု အမွေအနှစ်ထိန်းသိမ်းခြင်းသည် အချို့က ခေတ်နှင့်ရင်ပေါင်တန်းရန်၊ ကမ္ဘာ့နိုင်ငံအသီးသီးနေရာအနှံ့ ဆန်းသစ်တိုးတက်မှုများကို လေ့လာသတိပြု၍ ပြုပြင်သင့်သည်ကို ပြုပြင်ပြောင်းလဲရန် မျက်ကွယ်ပြုသည်အထိ တရားသေအစွန်းရောက် မှတ်ယူမိတတ်ကြပါသည်။ အမှန်မှာ ရိုးရာကို ထိန်းသိမ်းခြင်းသည် တစ်ကဏ္ဍ၊ ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်အောင် ကြိုးပမ်းတီထွင်ဆန်းသစ်ခြင်းသည် တစ်ကဏ္ဍဟု ဆိုချင်ပါသည်။ ထို့ကြောင့် တီထွင်ဆန်းသစ်ခြင်းကြောင့် ရိုးရာယဉ်ကျေးမှုကို ထိခိုက်ပျက်ပြားစေခြင်း၊ မူလသန္ဓေပျက်ပြားစေခြင်းမျိုးမဖြစ်စေသင့်ပါ။ ထို့အတူ ရိုးရာအမွေကိုသာ ဂရုပြုဖက်တွယ်လျက် ပြောင်းလဲလာသော ခေတ်ရေစီးကို လုံးဝမျက်ကွယ်ပြုထားခြင်းမျိုးလည်း မဖြစ်စေသင့်ပါ။

မြန်မာ့မဟာဂီတသီချင်းကြီးများကို နည်းစနစ်တကျ သီဆိုတီးမှုတ် ထိန်းသိမ်းသည်က တစ်ကဏ္ဍ၊ ရော့(ခ်)၊ ပေါ့(ပ်)၊ ဟစ်ဟော့(ပ်)၊ ရက်(ပ်) တို့ကို လေ့လာသီဆိုတီးမှုတ်ရသည်က တစ်ကဏ္ဍဖြစ်ပါသည်။ မြန်မာ့မဟာဂီတသီချင်းကြီးများကို ရော့(ခ်)၊ ရက်(ပ်)ပုံစံဖြင့် သီဆိုတီးမှုတ်ကြမည်ဆိုပါက ထိုအရာကို တီထွင်ဆန်းသစ်သည်ဟုခေါ်နိုင်မည် မဟုတ်ပါ။ ရိုးရာမပျက်၊ မူလသန္ဓေမပျက် တီထွင်ဆန်းသစ်ခြင်းကိုသာ ကြိုဆိုရမည်ဖြစ်ပါသည်။ ယခု မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးသည် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းခြင်း၊ လက်ဆင့်ကမ်းဖြန့်ဝေပေးနေခြင်း ဖြစ်ပါသည်။

ယခုနှစ်ဆိုလျှင် (၁၆)ကြိမ်တိုင်ခဲ့ပြီဖြစ်သော မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးသည် နိုင်ငံတစ်ဝန်းတွင် အမျိုးသားရေး ကိုယ်ခံစွမ်းအားမြင့်မားသော၊ မျိုးချစ်စိတ်ဓာတ် အင်အားကောင်းသော ယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်သူများ ပေါ်ထွန်းတိုးပွားနေစေရန် လေ့ကျင့်သင်တန်းပေးနေသည့် ပွဲကြီးဖြစ်ပါသည်။ လွန်စွာအရေးကြီးသော၊ နိုင်ငံနှင့်လူမျိုးအတွက် အရေးပါသော ရည်မှန်းချက်ဖြင့် ကျင်းပပေးနေခြင်း ဖြစ်ပါသည်။

ထို့ကြောင့် နိုင်ငံတော်က ရည်မှန်းအကောင်အထည်ဖော်နေသည့် ဦးတည်ချက်ကို အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များ၊ ပြိုင်ပွဲဝင်များအား လေ့ကျင့်သင်ကြားပေးကြသော အနုပညာရှင်ကြီးများ၊ အကဲဖြတ်ဒိုင်အဖွဲ့ဝင်များက အလေးအနက် ရင်ဝယ်ပွေ့ပိုက် နှလုံးသွင်းကာ ဝိုင်းဝန်းအကောင်အထည်ဖော်ကြရမည်ဖြစ်လေသည်။ တစ်နည်းဆိုရလျှင် ပြိုင်ပွဲဝင်များ၊ ပညာရှင်ကြီးများသည် ယဉ်ကျေးမှုမျက်နှာစာတွင် တိုင်းတစ်ပါးယဉ်ကျေးမှု၏ လွှမ်းမိုးထိုးဖောက်လာမှုကို မားမားမတ်မတ် ကြံ့ကြံ့ခံလျက် ဖယ်ရှားပေးနေသည့် ယဉ်ကျေးမှုစစ်သည်တော်ကြီးများ ဖြစ်ပါသည်။ ဤအချက်ကို ခံယူနှလုံးသွင်း၍ ဂုဏ်ယူကြရမည်ဖြစ်ပါသည်။

ထို့ကြောင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်များ၊ ပညာအမွေဖြန့်ဝေလေ့ကျင့် သင်ကြားပေးသော ပညာရှင်ကြီးများ၊ အကဲဖြတ်ဒိုင်ကြီးများသည် မိမိတို့၏တာဝန်၊ မိမိတို့ တာဝန်ယူနေရသော ကဏ္ဍအဆင့်၊ အရေးပါမှု၊ ကြိုးပမ်းဖော်ဆောင်ရမည့် ဦးတည်ရည်မှန်းချက်တို့ကို သတိပြုမိကြမည်ဟု ယူဆပါသည်။

သို့ဖြစ်၍ ပြိုင်ပွဲဝင်များအနေဖြင့် ပြိုင်ပွဲဝင်ခြင်း၏ ရည်ရွယ်ချက်မှာ ပထမ၊ ဒုတိယ၊ တတိယဟူသော ရွှေ၊ ငွေ၊ ကြေးဆုတံဆိပ်စသည်တို့ ရရန်ဖြစ်သည်ဟုသာ သာမန်မျှ သဘောပိုက်မှတ်ယူခြင်း မပြုသင့်ပါ။

ဆုရ၍ ဝမ်းမြောက်ကြည်နူးရခြင်း၊ ဆုမရ၍ ဝမ်းနည်းသိမ်ငယ်သလို ခံစားရခြင်း စသည့်စိတ်ပိုင်းဆိုင်ရာ ခံစားချက်များသည် အချိန်အတိုင်းအတာတစ်ခုအတွင်း တဒင်္ဂခံစားချက်များသာ ဖြစ်ပါသည်။

စာရေးသူဖတ်ဖူးသော ကမ္ဘာကျော်စာရေးဆရာကြီး ရှိတ်စပီးယား၏ အဆိုအမိန့်တစ်ခုကို တင်ပြလိုပါသည်။

"Things won are done; joy's soul lies in the making"

ယင်းအဆိုအမိန့်၏ ဆိုလိုချက်အဓိပ္ပာယ်မှာ လုပ်ပြီးသောအခါတွင် ရရှိလာသည့် အကျိုးရလဒ်သည် ရပြီးသောအခါတွင် ပြီးစီးသွားကြသည်သာဖြစ်ပြီး ပျော်ရွှင်ခြင်း၏အရသာကိုတော့ လုပ်စရာရှိသည်များ လုပ်ဆောင်နေသည့် အချိန်ကာလထဲတွင် တွေ့ရမည်ဟုဖြစ်ပါသည်။

ထို့ကြောင့်အထက်တွင် ဖော်ပြခဲ့သည့်အတိုင်းဆုရခြင်း၊ ဆုရ၍ ဝမ်းမြောက်ကြည်နူးခြင်း၊ ဆုမရခြင်း၊ ဆုမရ၍ ဝမ်းနည်းသိမ်ငယ်သလို ခံစားရခြင်းဟူသော အကျိုးရလဒ်များသည် ယင်းခံစားချက်များကို ခံစားရပြီးနောက် အနေးနှင့်အမြန် ပြီးဆုံးသွားကြမည်သာ ဖြစ်ပါသည်။ အမှန်တကယ် ပျော်ရွှင်ကြည်နူးဝမ်းမြောက်စွာ ခံစားနေရသည့်အရသာကိုမူ ပြိုင်ပွဲဝင်ရန်ဖြစ်စေ၊ ဝါသနာအရဖြစ်စေ၊ အဆို၊ အက၊ အရေး၊ အတီးကို သင်ယူလေ့ကျင့်နေစဉ်၊ ပြိုင်ပွဲဝင်နေစဉ်တွင် ခံစားနေရမည် ဖြစ်ပါသည်။

သိန်းသန်းဝင်း(မလှိုင်)

စာရေးသူတင်ပြဆွေးနွေးလိုသော အဓိပ္ပာယ်ကို ပိုမိုရှင်းလင်းစေရန်အတွက် တောင်တက်သမားတို့၏ လက်သုံးစကားတစ်ခုနှင့် နှိုင်းယှဉ် ပြောပြချင်ပါသည်။

“ တောင်တက်တယ်ဆိုတာ တောင်ထိပ်ရောက်ခြင်း၊ မရောက်ခြင်းက အဓိကမဟုတ်ပါ၊ တောင်တက်နေရတာကိုက အရသာပါ”

အဆိုပါ တောင်တက်သမားတို့၏ လက်သုံးစကား ခံယူချက်ဝါဒ ကဲ့သို့ပင် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင် ဝါသနာရှင်တို့အနေဖြင့်လည်း ဆုရခြင်း၊ ဆုမရခြင်းသည် အဓိကမဟုတ် ဆို၊ က၊ ရေး၊ တီး နေရသည်ကပင် အရသာဟု ခံစားနိုင်ကြလိမ့်မည် ထင်ပါသည်။

အဆို၊ အက၊ အရေး၊ အတီး ဟူသော အနုပညာရပ်များသည် ဝါသနာကို အရင်းခံရပါသည်။ ဝါသနာမပါဘဲ ဆိုကြ၊ ကကြ၊ ရေးကြ၊ တီးကြသူဟူ၍ မရှိနိုင်ဟုဆိုချင်ပါသည်။ ဝါသနာပါသည်ကို လုပ်နေရလျှင် ကျေနပ်နေကြ၊ ပီတိဖြစ်နေကြသည်မှာလည်း ဓမ္မတာပင်ဖြစ်ပါသည်။

ယနေ့ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင် မောင်မယ်များသည် ဝါသနာအရင်းခံဖြင့် ဆို၊ က၊ ရေး၊ တီး နေကြသူများဖြစ်ပါသည်။ ထို့ထက် တစ်ဆင့်တက်ရလျှင် ဆို၊ က၊ ရေး၊ တီးဟူသော အနုပညာရပ်သည် သင်တိုင်းမတတ်သော ပညာရပ်များ ဖြစ်ပါသည်။ ဂီတလုလင်ဆရာဦးကိုကို၏ ဂီတအခြေခံသီချင်းထဲက **“သင်တိုင်းမတတ်တဲ့ ဒီပညာပါရမီရှိမှသာ”** ဟူသော စာသားလေးသည် အတွေ့အကြုံရင့်ကျက်သော အနုပညာရှင်ကြီးက လက်တွေ့ကျကျ ကောက်ချက်ဆွဲပြထားခြင်း ဖြစ်ပါသည်။ ထို့ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသို့ အဆင့်ဆင့်ကဏ္ဍအလိုက် ပြိုင်ပွဲဝင်ကြသူများသည် ဝါသနာပါရမီရှိကြသူများသာ ဖြစ်ကြောင်း အငြင်းပွားရန်မရှိပါ။

ဝါသနာပါရမီနှင့်ပြည့်စုံကြသောကြောင့် စင်ပေါ်တက်၍ စည်းဝါး၊ သံကျ၊ ဟန်ထား၊ လက်ကျ၊ လက်နကောင်းကောင်းဆိုနိုင်၊ တီးနိုင်ကြခြင်း၊ သံစဉ်စာသား ပြေပြစ်ဆန်းသစ်လှပစွာ ရေးသားစပ်ဆိုနိုင်ကြခြင်း၊ ကကြိုး ကကွက် ဝေဝေဆာဆာဖြင့် နည်းစနစ်ကျနစွာ ကပြနိုင်ကြခြင်း ဖြစ်ပါသည်။ ယင်းသို့ ဝါသနာပါရမီအရ ဆို၊ က၊ ရေး၊ တီး နေကြရသည်ကိုပင် ပီတိဖြစ်ကြ၊ ကျေနပ်အားရ ပျော်ရွှင်နေကြရသည်ဆိုခြင်းကိုလည်း ပြိုင်ပွဲဝင်များ ကိုယ်တိုင်ခံစားနားလည်နိုင်သကဲ့သို့ အကဲဖြတ်ဒိုင်၊ ပရိသတ် စသည်တို့ကလည်း နားလည်ခံစား သိရှိကြပါသည်။

ယင်းသို့ဆိုလျှင် မြို့နယ်၊ ခရိုင်၊ ပြည်နယ်၊ တိုင်းအဆင့်တွင်သာ ကျေနပ်လိုက်ရ၍လည်းကောင်း၊ ဗဟိုအဆင့်တွင်လည်း ရွှေ၊ ငွေ၊ ကြေးဆုတံဆိပ်များနှင့် လွဲရ၍လည်းကောင်း ဝမ်းနည်းသိမ်ငယ်စိတ်ကလေးတွေဘာကြောင့်ဝင်ရသလဲဟု မေးချင်ပြောချင်ပါလိမ့်မည်။

ယင်းမေးခွန်းကိုဖြေရလျှင် ပြိုင်ပွဲဝင်သူတိုင်းက အနိုင်ရလို၊ ဆုတံဆိပ်ရလိုကြသောကြောင့် ဖြစ်ပါသည်ဟု ဖြေရပါမည်။ အနိုင်မရချင်ပါနှင့်၊ ဆုတံဆိပ်မလိုချင်ပါနှင့်ဟု တားရမည့်ကိစ္စမျိုး မဟုတ်ပါ။ ပြိုင်ပွဲအဆင့်တိုင်းတွင်လည်း ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုစသည်ဖြင့် သတ်မှတ်ပေးထားပါသည်။ ထို့ကြောင့် ဆုတံဆိပ်ရလိုသည်ကို ဝေဖန်ပြစ်တင်ရန်လည်း အကြောင်း မရှိပါ။

သို့သော် မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ ပြည်နယ်၊ တိုင်း အဆင့်တွင်သာ ကျေနပ်နေရ၍ ဗဟိုအဆင့်တွင် ရွှေ၊ ငွေ၊ ကြေးဆုတံဆိပ်နှင့်လွဲရ၍ ဝမ်းနည်းအားငယ်ရန် မဟုတ်ပါဟုသာ တင်ပြချင်ပါသည်။

ဆုရခြင်း၊ ဆုမရခြင်းမှာ ပြိုင်ပွဲဝင်နေစဉ် အချိန်အတိုင်းအတာအတွင်း သီဆို၊ တီးမှုတ်၊ ကပြမှုကိုသာ အကဲဖြတ်ရခြင်း ဖြစ်ပါသည်။ ပြိုင်ပွဲဝင်နေစဉ်အတွင်း၌ သက်ဆိုင်ရာ အမှတ်ပေးစည်းမျဉ်းစည်းကမ်းနှင့် အံဝင်ခွင်ကျဖြစ်သွားလျှင် ဖြစ်သွားသလောက် အမှတ်ရသွားမည်ဖြစ်ပါသည်။ အကြောင်းကြောင်းကြောင့် ပြိုင်ပွဲဝင်ရာတွင် အစမ်းလေ့ကျင့်စဉ်ကလောက် ကောင်းမွန်အောင် ဆို၊ က၊ ရေး၊ တီးပြခြင်း မပြုနိုင်သည်များ ရှိနိုင်ကြောင်း ပြိုင်ပွဲဝင်ဖူးသူတိုင်း သဘောပေါက်ကြပါလိမ့်မည်။

စာရေးသူအနေဖြင့် ဤအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ပြပွဲကြီးဟု ခေါ်ဝေါ်ချင်ပါသည်။ ပြပွဲကြီးဟုလည်း ထင်မြင်မိပါသည်။ ပြိုင်ပွဲဝင်များအနေဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပညာရပ်များကို မည်ရွေ့မည်မျှ ကြိုးပမ်းလေ့လာ ဆည်းပူးထိန်းသိမ်းထားနိုင်ကြသည်ကို ပြသစေသည့်ပြပွဲကြီးဟု မြင်ပါသည်။ တစ်နည်းဆိုရလျှင် မိမိတို့၏ ယဉ်ကျေးမှုအမွေအနှစ်၊ အမျိုးသားရေး စရိုက်လက္ခဏာများနှင့်အမျိုးသားရေး ကိုယ်ခံစွမ်းအား၏ အရည်အသွေး အဆင့်အတန်းကို ထုတ်ဖော်ပြသသည့်ပွဲကြီးဟု ဆိုချင်ပါသည်။ ယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်သူများ စွမ်းရည်ပြသည့်ပွဲဟု တင်စားချင်ပါသည်။ ထို့အတူ အဆိုပါ ယဉ်ကျေးမှုထိန်းသိမ်း စောင့်ရှောက်သူများသည် ပြိုင်ပွဲဝင်များကို လေ့ကျင့်သင်ကြား ပညာပေးဝေကြသော ပညာရှင်ကြီးများ၊ ပြိုင်ပွဲဝင်များ၏ အဆင့်နေရာကို အကဲဖြတ်သတ်မှတ်ပေးကြသည့် အကဲဖြတ်ဒိုင်လူကြီးများ၏ ယဉ်ကျေးမှု ကိုယ်ခံစွမ်းရည် ပညာအရည်အသွေးတို့ကိုပါ မြင်တွေ့နိုင်သည့် ပွဲကြီးဟုလည်း ဆိုချင်ပါသည်။

သို့ဖြစ်၍ စာရေးသူအနေဖြင့် ယဉ်ကျေးမှုထိန်းသိမ်းစောင့်ရှောက်သူများဟု ဂုဏ်ပြုတင်စားလိုသည့် မြို့နယ်အဆင့်မှ ဗဟိုအဆင့်ထိ ပြိုင်ပွဲဝင်ရောက်ကြသည့် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်အားလုံးသို့ လေးစားစွာပန်ကြားလိုပါသည်။

- **ပြိုင်ပွဲမဝင်မီတွင်လည်း အစွမ်းကုန် ကြိုးပမ်းလျက် ဆိုကြ၊ ကကြ၊ ရေးကြ၊ တီးကြပါ။**
- **ပြိုင်ပွဲဝင်နေစဉ်တွင်လည်း အစွမ်းကုန် ကြိုးပမ်းလျက် ဆိုကြ၊ ကကြ၊ ရေးကြ၊ တီးကြပါ။**
- **ပြိုင်ပွဲပြီးသွားလျှင်လည်း အစွမ်းကုန် ကြိုးပမ်းလျက် ဆိုကြ၊ ကကြ၊ ရေးကြ၊ တီးကြပါ။**
- **ဆိုကြ၊ ကကြ၊ ရေးကြ၊ တီးကြရင်းဖြင့် မိမိတို့၏ အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများကို အစဉ်အဆက် သယ်ပိုးထိန်းသိမ်းစောင့်ရှောက် ဖြန့်ဝေအမွေပေးကြပါ။**
- **တိုင်းတစ်ပါးယဉ်ကျေးမှု ထိုးဖောက်လွှမ်းမိုးမှုကို ဟန့်တားပယ်ရှားနိုင်ရန်အတွက် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက် နိုးကြားနေစေရန် လေ့ကျင့်ပျိုးထောင်ရင်း ဆိုကြ၊ ကကြ၊ ရေးကြ၊ တီးကြပါ… ဟူ၍သာ။ ။**

(၁၆)ကြိမ် တိုင်ခဲ့ပြီဖြစ်သော မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးသည် နိုင်ငံတစ်ဝန်းတွင် အမျိုးသားရေး ကိုယ်ခံစွမ်းအားမြင့်မားသော၊ မျိုးချစ်စိတ်ဓာတ် အင်အားကောင်းသော ယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်သူများ ပေါ်ထွန်းတိုးပွားနေစေရန် လေ့ကျင့် သင်တန်းပေးနေသည့် ပွဲကြီးဖြစ်။ လွန်စွာ အရေးကြီးသော၊ နိုင်ငံနှင့် လူမျိုးအတွက် အရေးပါသော ရည်မှန်းချက်ဖြင့် ကျင်းပပေးနေခြင်းဖြစ်။

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အငြိမ့်ပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်

နေပြည်တော် အောက်တိုဘာ ၂၃

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ အငြိမ့်ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် နေပြည်တော်ရှိ သတ်မှတ်နေရာအသီးသီးတို့၌ ဆက်လက်ကျင်းပကြသည်။

ကြည့်ရှုအားပေး

အဆိုပါပြိုင်ပွဲများသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်တင်ထွန်းအောင်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးညီထွန်းနှင့် ဦးကျော်အောင်၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီအတွင်းရေးမှူး ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းဝင်း၊ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီအတွင်းရေးမှူး အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ဦးနှင့် လုပ်ငန်းကော်မတီဝင်များ၊ ဗဟိုအကဲဖြတ်ပညာရှင်များ၊ ပြည်နယ်နှင့်တိုင်းများမှ အကဲဖြတ်ပညာရှင်များနှင့် ပြိုင်ပွဲဝင်များ၊ လေ့လာရေးအဖွဲ့ဝင်များ၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှု အနုသုခုမပညာရပ်များကို ချစ်ခင်လေးစားတန်ဖိုးထားကြသော ပြည်သူများ ပျော်ရွှင်စွာ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ရာဟုလာအမွေတောင်းခန်းကွက်စိပ်ပြိုင်ပွဲကို နံနက် ၉ နာရီ ၁၅ မိနစ်တွင် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ကွက်စိပ်အကဲဖြတ်လုပ်ငန်း အဖွဲ့ခေါင်းဆောင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် ပါမောက္ခချုပ် ဦးတင်စိုး ခေါင်းဆောင်သော အကဲဖြတ်ပညာရှင်များက အကဲဖြတ် အမှတ်ပေးကြပြီး ကချင်ပြည်နယ်မှ ဦးဇော်မှူးက အောင်စိုးမိုး ပွဲပိုးဆိုင်းအဖွဲ့နှင့် တွဲဖက်၍လည်းကောင်း၊ မန္တလေးတိုင်းမှ ဦးစွန်ညိုက မန္တလေးကောင်းသန့်ပွဲပိုးဆိုင်းအဖွဲ့နှင့် တွဲဖက်၍လည်းကောင်း၊ မကွေးတိုင်းမှ ဦးကျော်စိုးက မန်းပန်တျာစိန်မြင့်လွင်ပွဲပိုးဆိုင်းအဖွဲ့နှင့် တွဲဖက်၍လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းမှ ဦးတင်ရွှေက ပန်တျာစိန်လှမြိုင်ပွဲပိုးဆိုင်းအဖွဲ့နှင့် တွဲဖက်၍လည်းကောင်း၊ ရှမ်းပြည်နယ်မှ ဦးစိုင်းမျိုးအောင်(ခ)ကိုကိုလွင်က ဇေယျာထွန်းပွဲပိုးဆိုင်းအဖွဲ့နှင့်တွဲဖက်၍လည်းကောင်း ဟောပြောပြိုင်ပွဲဝင်ကြသည်။

အဆိုပြိုင်ပွဲ

ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးခေတ်ဟောင်း၊ ကာလပေါ်တေး အဆိုပြိုင်ပွဲကို နံနက်၉နာရီတွင် စိုက်ပျိုးရေးတက္ကသိုလ် စုဝေးခန်းမ၌ ကျင်းပရာ စစ်ကိုင်းတိုင်းမှဒေါ်ကြူကြူခိုင်၊ တနင်္သာရီတိုင်းမှ မခင်သူဇာ၊ ရန်ကုန်တိုင်းမှ ဒေါ်ခင်မြင့်မြင့်အေးနှင့် ဒေါ်သန်းသန်းငြိမ်း၊ မကွေးတိုင်းမှ ဒေါ်မာလာဝင်း၊ ဧရာဝတီတိုင်းမှ ဒေါ်သူဇာအောင်၊ ပဲခူးတိုင်းမှ ဒေါ်ဥမ္မာ၊ မန္တလေးတိုင်းမှ ဒေါ်သန္တာဆွေးနှင့် ဒေါ်ဆွေဆွေအောင်၊ ရခိုင်ပြည်နယ်မှ ဒေါ်အေးနှင်းခိုင်တို့က နန်းတော်ရှေ့ဆရာတင် ရေးသားသီကုံးပြီး ဒေါ်ကြည်အောင်သီဆိုထားသည့် **"သုံးရွှေလယ်"** သီချင်းဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ထို့နောက် မွန်းလွဲပိုင်း အခြေခံပညာအဆင့် အသက် (၁၅)နှစ်မှ (၂၀)အထိ အမျိုးသားခေတ်ဟောင်း၊ ကာလပေါ်တေး အဆိုပြိုင်ပွဲတွင် မန္တလေးတိုင်းမှ မောင်မျိုးလွင်အောင်၊ ပဲခူးတိုင်းမှ မောင်သီဟလင်း၊ စစ်ကိုင်းတိုင်းမှ မောင်ရဲဇော်ထွန်း၊ ရှမ်းပြည်နယ်မှ မောင်စိုးမြင့်ဦး၊ ရန်ကုန်တိုင်းမှ မောင်စည်သူထက်အောင်၊ ကချင်ပြည်နယ်မှ မောင်လွင်အောင်ဖြိုး၊ မန္တလေးတိုင်းမှ မောင်ဟိန်းလတ်၊ ဧရာဝတီတိုင်းမှ မောင်ဖြိုးပိုင်ထက်၊ ရခိုင်ပြည်နယ်မှ မောင်အေးကျော်၊ ကရင်ပြည်နယ်မှ စောဂျွန်စကိုင်း၊ ရန်ကုန်တိုင်းမှ မောင်ဇင်မောင်မောင်(ခ) ထက်အောင်လင်းနှင့် မွန်ပြည်နယ်မှ မောင်သီဟထွန်းတို့က စောင်းဦးဘသန်း ရေးသားသီဆိုသည့် **"စိန္တာမဏိ"** သီချင်းဖြင့်ပြိုင်ပွဲဝင်ကြသည်။

သီချင်းအရေးပြိုင်ပွဲ

သီချင်းအရေးပြိုင်ပွဲကို နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရွာတော် အမှတ်(၇) တည်းခိုရေးစခန်း သင်တန်းခန်းမဆောင်၌ ကျင်းပရာ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲ၌ **"ဂုဏ်ယူဖွယ်မြန်မာ့ရိုးရာ"** သီချင်းခေါင်းစဉ်ဖြင့် ရှမ်းပြည်နယ်မှ ဦးဟန်မျိုးအောင်၊ စစ်ကိုင်းတိုင်းမှ ဦးဥက္ကာ၊ ရန်ကုန်တိုင်းမှ ဦးသန်းဝင်း၊ ချင်းပြည်နယ်မှ မောင်ပြည့်ဖြိုးမောင်၊ ပဲခူးတိုင်းမှ ဦးခင်မောင်ဇော်၊ တနင်္သာရီတိုင်းမှ ဦးဇော်ထွန်းသောင်း၊ မွန်ပြည်နယ်မှ ဦးတင့်ဇော်ဦး၊ ရန်ကုန်တိုင်းမှ ဦးထွန်းသန်း(ခ) ဦးသိန်းတန်၊ ရခိုင်ပြည်နယ်မှ ဦးမင်းသိန်းထွန်း၊ ဧရာဝတီတိုင်းမှ ဦးခင်ဝင်း၊ မန္တလေးတိုင်းမှ ဦးမြင့်ဇော်၊ မကွေးတိုင်းမှ ဒေါ်ငယ်ငယ်ထွန်း၊ ကယားပြည်နယ်မှ မောင်ကြည်စိုး၊ မန္တလေးတိုင်းမှ ဦးမြင့်ဆွေနှင့် ကရင်ပြည်နယ်မှ ဦးဂျေစီလံတို့က ပြိုင်ပွဲဝင်ရေးသားကြသည်။

ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားတယောထိုးပြိုင်ပွဲကို နံနက် ၉နာရီတွင် သစ်တောသုတေသန စုဝေးခန်းမ၌ ကျင်းပရာ မကွေးတိုင်းမှ ဦးဝင်းကြည်၊ ရန်ကုန်တိုင်းမှ ဦးယုမောင်၊ ပဲခူးတိုင်းမှ ဦးသန်းရှိန်၊ ရခိုင်ပြည်နယ်မှ ဦးသန့်ဇင်ဦး၊ စစ်ကိုင်းတိုင်းမှ ဦးသိန်းကျော်၊ ဧရာဝတီတိုင်းမှ ဦးထွန်းလွင်၊ မန္တလေးတိုင်းမှ ဦးအေးနှင့် ဦးအေးမောင်၊ ကယားပြည်နယ်မှ မောင်စောထူးထူးဝေတို့က **"နီးအောင်ပင်လှမ်း"** (ကာလပေါ်) သီချင်းဖြင့် ပါဝင်ယှဉ်ပြိုင်ကြသည်။

ယင်းနောက် ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီး တယောထိုးပြိုင်ပွဲကို ကျင်းပရာ ဧရာဝတီတိုင်းမှ ဒေါ်လွင်လွင်ချိုထွန်း၊ ရန်ကုန်တိုင်းမှ မအိဇူလိုင်အေးနှင့် ကချင်ပြည်နယ်မှ ဒေါ်အေးစုမွန်တို့က **"နီးအောင်ပင်လှမ်း"** (ကာလပေါ်)သီချင်းဖြင့် ပြိုင်ပွဲဝင်ကြသည်။

ဆက်လက်၍ မွန်းလွဲ ၁နာရီတွင် အခြေခံပညာအဆင့် အသက်(၁၅)နှစ်မှ (၂၀)အထိ အမျိုးသား တယောထိုးပြိုင်ပွဲကို ကျင်းပရာ ရန်ကုန်တိုင်းမှ မောင်သန်းထိုက်အောင်၊ ဧရာဝတီတိုင်းမှ မောင်သက်လွင်အောင်ထွန်းနှင့် ရန်ကုန်တိုင်းမှ မောင်ညီညီလွင်တို့က **"ဘုံဆောင်မြင့်"** (ကြိုး) သီချင်းဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ထို့နောက် အခြေခံပညာအဆင့် အသက်(၁၅)နှစ်မှ (၂၀)အထိ အမျိုးသမီး တယောထိုးပြိုင်ပွဲကို ကျင်းပရာ ကယားပြည်နယ်မှ မနော်ဒိုနေထူးနှင့် ကချင်ပြည်နယ်မှ မအေးလင်းသူတို့က **"ဘုံဆောင်မြင့်"**(ကြိုး) သီချင်းဖြင့်ပြိုင်ပွဲဝင်ကြသည်။

ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသား၊ အမျိုးသမီး သီချင်းအရေးပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ ဦးဟန်မျိုးအောင် ပါဝင်ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

ပတ္တလားအတီးပြိုင်ပွဲ

အခြေခံပညာအဆင့် အသက်(၁၅)နှစ်မှ (၂၀)အထိ အမျိုးသား ပတ္တလားအတီးပြိုင်ပွဲကို နံနက်၉နာရီတွင်စိုက်ပျိုးရေးတက္ကသိုလ် စာသင်ခန်းမ၌ ကျင်းပရာ မွန်ပြည်နယ်မှ မောင်ချစ်ဖြိုးလျှံ၊ ရန်ကုန်တိုင်းမှ မောင်ဇော်မင်း(ခ) ဖိုးလပြည့်၊ ဧရာဝတီတိုင်းမှ မောင်သက်လွင်အောင်ထွန်း၊ စစ်ကိုင်းတိုင်းမှ မောင်ဖြိုးထက်အောင်၊ ရန်ကုန်တိုင်းမှ မောင်ဗိုလ်ရှိုင်းကျော်၊ မန္တလေးတိုင်းမှ မောင်ကြည်သာဗိုလ်၊ မကွေးတိုင်းမှ မောင်အောင်ကိုကိုနှင့် မန္တလေးတိုင်းမှ မောင်ဘိုဘိုကျော်တို့က **"အောင်မြေမြမန်း"**(ပတ်ပျိုး)သီချင်းဖြင့် ပါဝင်ယှဉ်ပြိုင်ကြသည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် ဝါသနာရှင်(ဒုတိယတန်း) အမျိုးသမီး ပတ္တလားအတီးပြိုင်ပွဲကိုကျင်းပရာ ပဲခူးတိုင်းမှ မတင်ဇာအေးလွင်၊ ရန်ကုန်တိုင်းမှ မလှလှဌေးနှင့် မဝမ်းကေဇင်၊ ဧရာဝတီတိုင်းမှ မြန်မာပြည်စိမ်း၊ မန္တလေးတိုင်းမှ ဒေါ်ခင်တင့်လွင်နှင့် ဒေါ်နန္ဒာလင်းတို့က **"ပန်းဟေဝန်"** (ယိုးဒယား) သီချင်းဖြင့် ပြိုင်ပွဲဝင်ကြသည်။

ဆိုင်းတစ်ဦးချင်းပြိုင်ပွဲ

ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီး ဆိုင်းတစ်ဦးချင်းပြိုင်ပွဲ၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီး ဆိုင်းတစ်ဦးချင်းပြိုင်ပွဲနှင့် အခြေခံပညာအဆင့် အသက်(၅)နှစ်မှ (၁၀)နှစ်အထိ အမျိုးသမီး ဆိုင်းတစ်ဦးချင်းပြိုင်ပွဲများကို စိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ဆက်လက်ကျင်းပသည်။

ရှေးဦးစွာ နံနက် ၉နာရီတွင် ဝါသနာရှင်အဆင့် (ပထမတန်း)အမျိုးသမီး ဆိုင်းတစ်ဦးချင်းပြိုင်ပွဲကို စတင်ကျင်းပရာ ရခိုင်ပြည်နယ်မှ ဒေါ်ခင်ခင်မြင့်၊ မန္တလေးတိုင်းမှ မလှိုင်ထားထားမြင့်နှင့် ရန်ကုန်တိုင်းမှ မခိုင်ဇာဝင်းတို့က **"တောမြိုင်ခြေလမ်း"**(ယိုးဒယား)သီချင်းဖြင့် တီးခတ်၍ ပြိုင်ပွဲဝင်ကြသည်။

ထို့နောက် မွန်းလွဲ ၁နာရီတွင် အဆင့်မြင့်ပညာအဆင့် အမျိုးသမီး ဆိုင်းတစ်ဦးချင်းပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ရန်ကုန်တိုင်းမှ မအေးနန္ဒာဝင်း၊ မန္တလေးတိုင်းမှ မနီနီဝင်းနှင့် မသီသီအောင်မင်း၊ ရန်ကုန်တိုင်းမှ မအိအိမွန်တို့က **"ဝေယံပိုင်"**(ကြိုး)သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်ကြပြီး အခြေခံပညာအဆင့် အသက်(၅)နှစ်မှ (၁၀)နှစ်အထိ အမျိုးသမီး ဆိုင်းတစ်ဦးချင်းပြိုင်ပွဲကို ကျင်းပရာ စစ်ကိုင်းတိုင်းမှ မယွန်းဝတီအောင်ကျော်စိုးနှင့် မရွှေရည်စိုးဗိုလ်၊ မကွေးတိုင်းမှ မနှင်းအိလှိုင်တို့က **"သာယာ"**(ကြိုး)သီချင်းဖြင့် တီးခတ်၍ ပြိုင်ပွဲဝင်ကြသည်။

ဒုံမင်းတီးပြိုင်ပွဲ

ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသား ဒုံမင်းတီးပြိုင်ပွဲကို နံနက်၉ နာရီတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာန စုဝေးခန်းမ၌ကျင်းပရာ **"ဝိစိတြ"**(ကာလပေါ်) သီချင်းဖြင့် မွန်ပြည်နယ်မှ ဦးသန်းနိုင်၊ ပဲခူးတိုင်းမှ ဦးတင်မောင်၊ ရန်ကုန်တိုင်းမှ ဦးမောင်ဝမ်း၊ မန္တလေးတိုင်းမှ ဦးတင်ရှိန်၊ ရန်ကုန်တိုင်းမှ ဦးအောင်တင်၊ ဧရာဝတီတိုင်းမှ ဦးမျိုးဆန်း၊ မန္တလေးတိုင်းမှ ဦးညွန့်တင်၊ မကွေးတိုင်းမှ ဦးသန်းထွန်း၊ ရခိုင်ပြည်နယ်မှ ဦးသောင်းမြင့်ထွန်းနှင့် ရှမ်းပြည်နယ်မှ ဦးသန်းဝင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့်အသက်(၁၅)နှစ်မှ (၂၀)အထိ အမျိုးသမီး ဒုံမင်းတီးပြိုင်ပွဲကို ကျင်းပရာ **"နှန်းဘုံသီတာဖွေ"**(ယိုးဒယား) သီချင်းဖြင့် ရန်ကုန်တိုင်းမှ မနန်းကြာညို ကြေ့နှင့် မခင်မြင့်မြတ်မောင်၊ ပဲခူးတိုင်းမှ မသင်းသင်းဟန်တို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

ထို့နောက် အခြေခံပညာအဆင့် အသက်(၁၀)နှစ်မှ(၁၅)နှစ်အထိအမျိုးသမီး ဒုံမင်းတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ **"မဟာဇနက"**(ကာလပေါ်) သီချင်းဖြင့် ရန်ကုန်တိုင်းမှ မမေမြတ်နိုးစံ၊ မန္တလေးတိုင်းမှ မအိအိချော၊ ပဲခူးတိုင်းမှ မဆုပြည့်ဖြိုး၊ မန္တလေးတိုင်းမှ မဖြူဖွေးသန့်၊ မကွေးတိုင်းမှ မကြည်ကြည်မာနှင့် ရန်ကုန်တိုင်းမှ မစုမြတ်နိုးတို့ ပါဝင်ပြိုင်ပွဲဝင်ကြသည်။ **(သတင်းစဉ်)**

စွဲမြဲလျက်သာထိန်းသိမ်းပါ

- ဆိုကရေးတီး ပြိုင်ပွဲကြီး၏
ခရီးတွက်စစ် ဆယ့်ခြောက်နှစ်ကြာ
ကာလတာသည် စဉ်လာမပျက်
အညွန့်တက်၍ ခက်လက်ဝေဆဲ
စည်ကားမြဲနှင့် ဝှဲချီးသဘင်
ဆင်ယင်ကျင်းပသမယ။
- စစ်မှန်သောပြည်ထောင်စုစိတ်ဓာတ်
အနာဂတ်အတွက် စွဲမှတ်ပိုက်ယူ
တိုင်းရင်းသူ တိုင်းရင်းသား မကွဲပြားဘဲ
စိတ်ထားတူမျှ ပေါင်းဆုံကြသည်
အလှဖုံဖုံ စုံစုံပွင့်လျက်
စိတ်ချင်းဆက်ကာ လက်ယှက်ပေါင်းစု
အနုပညာ ပွဲမဟာသို့
နွှဲလာပျော်ပါး ပြည်သူများလည်း
နှစ်ပါးကိုယ်စိတ်လန်းရွှင်စေ။
- နိုင်ငံဂုဏ်ပြု ယဉ်ကျေးမှု၏
အနုပညာ အဖြာဖြာကို
ရှည်ကြာခိုင်မြဲ နှလုံးထဲ၌
စွဲမြဲလျက်သာထိန်းသိမ်းပါစို့။ ။

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု
အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးအား ဂုဏ်ပြုလျက်-

ချမ်းငြိမ်းအောင်

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ
အောက်တိုဘာ ၂၄ ရက် (ယနေ့)ယှဉ်ပြိုင်မည့် ပြိုင်ပွဲအစီအစဉ်များ

စဉ်	ရက်စွဲ	ပြိုင်ပွဲကျင်းပသည့်နေရာ	ပြိုင်ပွဲဘာသာရပ်	ပြိုင်ပွဲအဆင့်	အချိန်
၉	၂၄-၁၀-၂၀၀၈ (သောကြာနေ့)	စိုက်ပျိုးရေးတက္ကသိုလ် (စုဝေးခန်းမ)	အဆို၊ မဟာဂီတ အဆို၊ မဟာဂီတ	ဝါသနာရှင်(ပထမတန်း)(အမျိုးသမီး) အခြေခံပညာ အသက်(၅နှစ်ပြည့်မှ၁၀နှစ်အတွင်း)(အမျိုးသား)	၀၉၀၀ ၁၃၀၀
		မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် (ဘွဲ့နှင်းသဘင်ခန်းမ)	ကွက်စိပ်ပြိုင်ပွဲ ဇာတ်သဘင်	ရာဟုလာအမွေတောင်းခန်း ဘူရိဒတ်ဇာတ်တော်ကြီး(စစ်ကိုင်းတိုင်း)	၀၉၀၀ ၁၉၀၀
		သစ်တောသုတေသနဌာန (စုဝေးခန်းမ)	အတီး(မယ်ဒလင်) အတီး(မယ်ဒလင်) အတီး(မယ်ဒလင်) အတီး(မယ်ဒလင်)	အခြေခံပညာ အသက်(၁၀နှစ်ပြည့်မှ၁၅နှစ်အတွင်း)(အမျိုးသား) အခြေခံပညာ အသက်(၅နှစ်ပြည့်မှ၁၀နှစ်အတွင်း)(အမျိုးသမီး) အခြေခံပညာ အသက်(၁၀နှစ်ပြည့်မှ၁၅နှစ်အတွင်း)(အမျိုးသမီး) အခြေခံပညာ အသက်(၅နှစ်ပြည့်မှ၁၀နှစ်အတွင်း)(အမျိုးသား)	၀၉၀၀ ၁၃၀၀
		စိုက်ပျိုးရေးတက္ကသိုလ် (စာသင်ခန်းမ)	အတီး(စောင်း) အတီး(စောင်း) အတီး(စောင်း)	ဝါသနာရှင်(ပထမတန်း)(အမျိုးသား)(အမျိုးသမီး) အခြေခံပညာ အသက်(၅နှစ်ပြည့်မှ၁၀နှစ်အတွင်း)(အမျိုးသမီး) အခြေခံပညာ အသက်(၁၅နှစ်ပြည့်မှ၂၀နှစ်အတွင်း)(အမျိုးသား)	၀၉၀၀ ၁၃၀၀
		စိုက်ပျိုးရေးသုတေသနဦးစီးဌာန (စုဝေးခန်းမ)	အတီး(ဒုံမင်း) အတီး(ဒုံမင်း) အတီး(ဒုံမင်း) အတီး(ဒုံမင်း)	ဝါသနာရှင်(ပထမတန်း)(အမျိုးသမီး) အဆင့်မြင့်ပညာ(အမျိုးသား)(အမျိုးသမီး) ဝါသနာရှင်(ဒုတိယတန်း)(အမျိုးသမီး) အခြေခံပညာ အသက်(၁၀နှစ်ပြည့်မှ၁၅နှစ်အတွင်း)(အမျိုးသား)	၀၉၀၀ ၁၃၀၀
		စိုက်ပျိုးရေးတက္ကသိုလ် (ဘွဲ့နှင်းသဘင်ခန်းမ)	အတီး(ဆိုင်းအဖွဲ့လိုက်) အတီး(ဆိုင်းအဖွဲ့လိုက်) အတီး(ဆိုင်းအဖွဲ့လိုက်)	ဝါသနာရှင်(ပထမတန်း)(အမျိုးသမီး) အခြေခံပညာ အသက်(၁၀နှစ်ပြည့်မှ၁၅နှစ်အတွင်း)(အမျိုးသမီး) အခြေခံပညာ အသက်(၅နှစ်ပြည့်မှ၁၀နှစ်အတွင်း)(အမျိုးသမီး)	၀၉၀၀ ၁၃၀၀
		အမှတ်(၇)တည်းခိုရေးစခန်း (သင်တန်းခန်းမဆောင်)	အရေး(သီချင်းပြိုင်ပွဲ)	အဆင့်မြင့်ပညာ(အမျိုးသား)(အမျိုးသမီး)	၀၉၀၀

နမ့်စန်-ကျိုင်းတုံ ရထားလမ်းသစ်ဖောက်လုပ်နိုင်ရေး လမ်းအူကြောင်းလျာထားမှု

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင် ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၂၃

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့၌ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်သည် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် အောက်တိုဘာ ၂၁ရက် နံနက်ပိုင်းက နမ့်စန်မြို့နယ်ရှိ နမ့်စန်-ကျိုင်းတုံ ရထားလမ်းသစ်ဖောက်လုပ်ရေး စီမံကိန်းသို့ရောက်ရှိပြီး နမ့်စန်-ကျိုင်းတုံ ရထားလမ်းသစ်ဖောက်လုပ်နိုင်ရေးအတွက် လမ်းအူကြောင်းလျာထားမှုကို ကြည့်ရှုစစ်ဆေးသည်။ (အပေါ်ပုံ)

လှည့်လည်ကြည့်ရှုစစ်ဆေး

ထို့နောက် ဗိုလ်ချုပ်မင်းအောင်လှိုင်သည် နမ့်စန်မြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာရုံးသို့ဝင်ရောက်၍ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း၊ နမ့်စန်-လဲချားလမ်းဘေးဝဲယာတစ်လျှောက်၌ အောင်မြင်ဖြစ်ထွန်းနေသော ဆီထွက်သီးနှံပန်းနှမ်းခင်းများ၊ စပါးစိုက်ခင်းများ၊ လမ်းတံတားအခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လဲချားမြို့ အခြေခံပညာ အထက်တန်းကျောင်းသို့ရောက်ရှိကာ သင်ကြားမှု၊ သင်ယူမှု အထောက်အကူပြုခန်းမများ၌ ကျောင်းသား ကျောင်းသူများ ပညာသင်ယူနေမှုကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ထောက်ပံ့ငွေပေးအပ်

ယင်းနောက် ဗိုလ်ချုပ်မင်းအောင်လှိုင်သည် လဲချားမြို့(၂၅)ခုတင်ဆံ့ ပြည်သူ့ဆေးရုံကြီးအတွင်း လှည့်လည်ကြည့်ရှုကာ ဆေးရုံတက်လူနာများအား စားသောက်ဖွယ်နှင့် ထောက်ပံ့ငွေများကိုပေးအပ်ပြီး ကျန်းမာရေးဝန်ကြီးဌာနမှလှူဒါန်းသော ဆေးဝါးပစ္စည်းများကို ဆေးရုံအုပ်ကြီး ဒေါက်တာငွေရီခိုင်ထံ ပေးအပ်သည်။

ဆက်လက်၍ ဗိုလ်ချုပ်မင်းအောင်လှိုင်သည် လဲချားမြို့နယ်အခြေခံပညာအထက်တန်းကျောင်းခွဲ(နောင်မွန်း) သို့ရောက်ရှိပြီး ကျောင်းသား ကျောင်းသူများ ပညာသင်ယူနေမှုကိုလည်းကောင်း၊ ကျောင်းဆောင်သစ်ဆောက်လုပ်နေမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ညှိနှိုင်းဖြည့်ဆည်းပေး

ထို့နောက် ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် တိုင်းမှူးတို့သည် လမ်းတံတားဆိုင်ရာ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ လဲချား-ဝမ်ဖွန်း-မိုင်းနောင်-ဝမ်ဟုတ်လမ်း၊ လွိုင်လင်-ပန်ကေတု-သီပေါလမ်း တိုးတက်ပြုပြင်မှုအခြေအနေများနှင့် စပ်လျဉ်း၍လည်းကောင်း၊ လွိုင်လင်ခရိုင်နှင့် တောင်ကြီးခရိုင်အတွင်းရှိ လမ်းတံတားအခြေအနေများနှင့် စပ်လျဉ်း၍လည်းကောင်း တာဝန်ရှိသူများ၏ တင်ပြမှုအပေါ် ဗိုလ်ချုပ်မင်းအောင်လှိုင်က လိုအပ်သည်များကို မှာကြား ညှိနှိုင်းပေါင်းစပ် ဖြည့်ဆည်းပေးသည်။ **(သတင်းစဉ်)**

စက်ရေတွင်းများ တူးဖော်နိုင်ရန် အလှူငွေပေးအပ်

လယ်ယာ/ဆည်မြောင်း ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး တက်ရောက်

ရန်ကုန် အောက်တိုဘာ ၂၃

မိတ္ထီလာ-သာစည် မြို့နယ်များအတွင်း မြေအောက်ရေဖြင့် သီးနှံစိုက်ပျိုးနိုင်ရန်အတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ စက်ရေတွင်းများတူးဖော်နိုင်ရန်အတွက် အလှူရှင်များနှင့် INGO များမှ အလှူငွေပေးအပ်ပွဲကို အောက်တိုဘာ ၂၁ရက် မွန်းလွဲ ၂နာရီခွဲက ရန်ကုန်မြို့ ဆည်မြောင်းဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပေးအပ်လှူဒါန်း

အစီအစဉ်အရ အလှူရှင် Network Action Group(NAG) မှ ဌာနေကိုယ်စားလှယ် Mr. Shihab Uddin Ahmmad က ငွေကျပ်သိန်း ၂၅၀၊ Yunnan Machinery & Equipment Import/Export Co.Ltd မှ Mr.Chen Wei က ငွေကျပ်သိန်း ၅၀၊ ပြည့်ဖြိုးကျော်အုပ်စုမှ ဦးလှမောင်ရွှေနှင့် ဦးဇော်ဝင်းဦးတို့ကငွေကျပ် ၂၅ သိန်းတို့ကို ပေးအပ်လှူဒါန်းရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ဌေးဦးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်၍ ကျေးဇူးတင်စကား ပြောကြားသည်။

ပူးပေါင်းပါဝင်

အဆိုပါစိုက်ပျိုးရေရရှိရေး စီမံကိန်းမှာ မိုးနည်းပါးပြီး ဆည်ကန်များ၏ ရေသောက်ဧရိယာ အစွန်အဖျားရှိ စိုက်ပျိုးရေမလုံလောက်သော စိုက်ပျိုးဧရိယာ ၁၁၈၉၇ဧကအတွက် စိုက်ပျိုးရေ အခက်အခဲမရှိစေရေး ပထမအဆင့် တွင်းပေါင်း ၄၀၀၊ ဒုတိယအဆင့်တွင်းပေါင်း ၄၀၀ကျော် လျာထားဆောင်ရွက်လျက်ရှိရာ ဌာနနှင့် အလှူရှင်များ ပူးပေါင်းပါဝင်ဆောင်ရွက်ကြသည့်အတွက် ယခုအခါ မြေအောက်ရေတွင်းပေါင်း ၂၀၀ခန့် ဆောင်ရွက်ပြီးစီးကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် အိမ်မဲမြို့အဝင် ကတ္တရာလမ်းအား ကတ္တရာထပ်ပိုးလွှာ ခင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (နယ်စပ်/စည်ပင်)

ဘဏ်များကြီးကြပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံဘဏ်များအသင်း

အမှုဆောင်အဖွဲ့ အစည်းအဝေးကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၃

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဘဏ်များကြီးကြပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံဘဏ်များအသင်း အမှုဆောင်အဖွဲ့၏ (၁၀၅)ကြိမ်မြောက် အစည်းအဝေးကို အောက်တိုဘာ ၂၁ရက် နံနက်ပိုင်းက နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ်များကြီးကြပ်ရေး ကော်မတီနာယက ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း တက်ရောက်၍ အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌတို့က ဘဏ်လုပ်ငန်းဆိုင်ရာများ ဆွေးနွေးပြောကြားကြပြီး မြန်မာနိုင်ငံဘဏ်များအသင်း အမှုဆောင်အဖွဲ့ဝင်များ၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ နိုင်ငံတော်ပိုင်ဘဏ်များမှ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပုဂ္ဂလိကပိုင်ဘဏ်များမှ ဥက္ကဋ္ဌများနှင့် မန်နေဂျင်းဒါရိုက်တာများက ဘဏ်လုပ်ငန်းဆိုင်ရာ ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။ **(သတင်းစဉ်)**

လပွတ္တာမြို့နယ် စည်ပင်ရေပေးဝေရေးလုပ်ငန်းနှင့် အိမ်မဲမြို့အဝင် ကတ္တရာလမ်း ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း

နယ်စပ်/စည်ပင်ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် ကြည့်ရှုစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၂၃

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် အောက်တိုဘာ ၂၀ရက် ညနေပိုင်းက လပွတ္တာမြို့ ရေပေးဝေရေးအတွက် စည်ပင်သာယာရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသော သောက်သုံးရေကန် ၁၇ကန်မှ ရေပေးဝေခြင်းလုပ်ငန်းကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး သန့်ရှင်းသော သောက်သုံးရေ လုံလောက်စွာရရှိရေးအတွက် ကန်ပေါင်အမြင့်များ ထပ်မံမြှင့်တင်ရေး၊ ရေကန်ခြံစည်းရိုးများ ကာရံရေးနှင့် မြေအောက်ရေတိုင်းတာ ရှာဖွေခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေးစသည်ဖြင့် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် အောက်တိုဘာ ၂၁ရက် နံနက်ပိုင်းက အိမ်မဲမြို့အဝင် ကတ္တရာလမ်းအား ကတ္တရာထပ်ပိုးလွှာ ခင်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး လမ်းအရည်အသွေးကောင်းမွန်ရေး၊ လမ်းရေရှည်တည်တံ့အောင်ထိန်းသိမ်းရေး၊ မြို့တွင်းမြို့ဝင် ကတ္တရာလမ်းများ၊ ကတ္တရာလမ်းပေါက်များမရှိအောင် ဆောင်ရွက်ရေးတို့ကိုမှာကြားကာ အိမ်မဲမြို့အဝင် ချောင်းဝတံတား ပြုပြင်ရမည့် အခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အောက်တိုဘာ ၂၂ရက်က ရန်ကုန်အရှေ့ပိုင်းခရိုင်ရန်ကင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍ စာဖတ်သူ တိုးပွားရေးနှင့် အောင်ချက်ရာခိုင်နှုန်း မြင့်မားရေး ရည်ရွယ်ချက်ဖြင့် ပညာပေးဟောပြောပွဲကို ရန်ကင်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ရွှေ့ဆောင်ခန်းမတွင် ကျင်းပရာ ရန်ကုန်အရှေ့ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးညွန့်က ဟောပြောစဉ်။
(မြို့နယ် ပြန်/ဆက်)

အမည်ပြောင်း

ဦးထွန်းဝေ၏သမီး ရေးမြို့နယ်၊ အစင်ကျေးရွာ အထက၊တက္ကသိုလ်ဝင်တန်းမှ မလင်းဇာနီထွန်းအား မလင်းဇာနည်ထွန်းဟု ပြောင်းလဲ ခေါ်ပါရန်။ **မလင်းဇာနည်ထွန်း**

၁၀/ရမန (နိုင်)၁၈၁၅၉၆။

အမည်ပြောင်း

ရေးမြို့နယ်၊ အစင်ကျေးရွာနေ အဖ ဦးမောင်လှိုင်၏သမီး မမီးငယ်အား ဒေါ်စန်းသွင်ဟု ပြောင်းလဲ ခေါ်ပါရန်။ **ဒေါ်စန်းသွင်**

၁၀/ရမန (နိုင်)၀၆၅၅၅၀။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ပဲခူးတိုင်း၊ ဒိုက်ဦးမြို့နယ်၊ သုံးခွကျေးရွာနေ ဦးတင်ဝင်း-ဒေါ်တင်နွဲ့တို့၏သားကြီး

ဗိုလ်ကြီးနေအောင်ဝင်း B.C.Sc(D.S.A) M.E (Automation & Control,MAI)

နှင့်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ရာဇသူရလမ်းနေ ဦးမြင့်စိန်(မြို့နယ်အုပ်ချုပ်ရေးမှူး၊ တောင်ဥက္ကလာပမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)-ဒေါ်ခင်ဝင်း တို့၏ သမီးကြီး

မချစ်စုသင်း [B.C.Sc,M.A.Sc(Thesis)]

တို့သည် ဂုဏ်သရေရှိ နှစ်ဖက်သောလူကြီးမိဘများ ရှေ့မှောက်၌ ၂၁-၁၀-၂၀၀၈ ရက်တွင် စေ့စပ်ကြောင်းလမ်း ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဗိုလ်ကြီးနေအောင်ဝင်း-မချစ်စုသင်း။

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

မကွေးတိုင်း၊ တောင်တွင်းကြီးမြို့နယ်၊ ရွှေကြာအင်း (၂)ရပ်ကွက်နေ ဦးသိန်းဌေး(အလယ်တန်းပြ)-ဒေါ်ဌေးဌေး(မူလတန်းပြ)တို့၏သား

ဗိုလ်ကြီးပိုင်သက်ဌေး

B.C.Sc (D.S.A), M.E(Tech)

နှင့်

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ ဗဟိုလမ်း၊ အမှတ်(၈၀)နေ ဗိုလ်ကြီးမောင်မောင်ဝင်း(ငြိမ်း) [ညွှန်ကြားရေးမှူး၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ဦးစီးဌာန] -ဒေါ်စောစန္ဒာတို့၏ သမီး

မဝင်းစန္ဒာအောင်

B.C.Sc(Hons:), M.C.Sc(Thesis), Dip in Global English

တို့၏ ၁၆-၁၀-၂၀၀၈ရက် မင်္ဂလာလက်မှတ်ရေးထိုးပွဲတွင် မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်တိုင်း တွဲဖက်တိုင်းတရားသူကြီး ဒေါ်ခင်သင်းဝေအား လည်းကောင်း၊ အသိသက်သေများအဖြစ် ဆောင်ရွက်ပေးပါသော လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးလှဒေါင်းနှင့် ဇနီးဒေါ်ဆန်းဆန်းမြင့်တို့အားလည်းကောင်း၊ ၁၈-၁၀-၂၀၀၈ရက်တွင် Park Royal ဟိုတယ်၌ကျင်းပသော မင်္ဂလာညှော်ခံပွဲတွင် ကြွရောက်ချီးမြှင့်ပေးပါသော လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောလွင်၏ဇနီး ဒေါ်မိုးမိုးမြင့်အားလည်းကောင်း၊ မင်္ဂလာလက်ဖွဲ့ ပေးပို့ချီးမြှင့်ပေးပါသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေးနှင့်ဇနီး ဒေါ်ဝေဝေခိုင်၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်းနှင့် ဇနီးဒေါ်ခင်သန်းဝင်းတို့အားလည်းကောင်း၊ မင်္ဂလာလက်စွပ်နှင့် မင်္ဂလာပန်းကုံးချီးမြှင့်ပေးပါသော ဗိုလ်မှူးကြီးမျိုးမြင့် (ငြိမ်း)ဦးဆောင်ညွှန်ကြားရေးမှူး(ဗန္ဓုလသယ်ယူပို့ဆောင်ရေး၊ မြန်မာ့စီးပွားရေးဦးပိုင်)နှင့် ဇနီးဒေါ်ခင်ဌေးဌေးတို့အားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြသော စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများနှင့်ဇနီးများ၊ ဂုဏ်သရေရှိ မိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးဝင်းတင်အားလည်းကောင်း၊ မင်္ဂလာအခါတော် ပေးသီဆိုပေးသော ဒေါ်ရီရီသန့်အားလည်းကောင်း၊ ဗီဒီယိုနှင့် ဓာတ်ပုံမှတ်တမ်းတင်ပေးသော မင်းဇာနည်ဇော်နှင့်အဖွဲ့အားလည်းကောင်း၊ မိတ်ကပ်နှင့် ဆံပင်အလှဖန်တီးပေးသော ကိုမာနှင့် အဖွဲ့အားလည်းကောင်း၊ မင်္ဂလာဝတ်စုံနှင့် မင်္ဂလာပန်းအလှပြင်ပေးသော ဦးကိုကိုအားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးသော မယုယုပြည့်စုံ၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် လက်စွပ်ဗန်းကိုင်ဆောင်ပေးပါသော မပန်းအိဖြူ၊ သတို့သားအရံ ဗိုလ်ကြီးအောင်ငြိမ်းချမ်းနှင့် သတို့သမီးအရံမနှင်းသန္တာမျိုးတို့အားလည်းကောင်း၊ Park Royal ဟိုတယ်မှ ဝန်ထမ်းများနှင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော မိတ်သင်္ဂဟများ၊ ကျေးဇူးတင်ထိုက်သူများ အားလုံးကိုလည်းကောင်း မှတ်တမ်းတင် ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးပိုင်သက်ဌေး-မဝင်းစန္ဒာအောင်။

ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း

တင်ဒါအမှတ်-၈/၂၀၀၈-၂၀၀၉

ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ရန်ကုန်ရုံး(အမှတ်-၂၂၈)၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့မှ အသုံးမပြုတော့သည့် ဘေးထွက်ပစ္စည်းများနှင့် ပစ္စည်းဟောင်းများကို ချိပ်ပိတ်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါ၍ အသေးစိတ် ပစ္စည်းစာရင်းပုံစံများကို ရန်ကုန်ရုံး ငွေစာရင်းဌာနတွင် ဝယ်ယူနိုင်ပါသည်။

တင်ဒါပိတ်ရက်မှာ ၃၀-၁၀-၂၀၀၈ရက် (ကြာသပတေးနေ့) ညနေ ၄နာရီတိတိ

ဇနီးအဖြစ်မှ စွန့်လွှတ်ခြင်း

ဒေါ်သိန်းသိန်းမော် ၈/ရနခ(နိုင်) ၀၀၈၀၃၂ သည် ၎င်း၏ဆန္ဒအတိုင်း နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့ ၂၃-၁၀-၂၀၀၈ရက်မှစ၍ ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်း အများသိစေအပ်ပါသည်။ ၎င်းနှင့် ပတ်သက်သော ငွေကြေးကိစ္စရပ်နှင့် အခြားကိစ္စအရပ်ရပ်များကို လုံးဝ(လုံးဝ) တာဝန်ယူမည်မဟုတ်ကြောင်း အသိပေး ကြေညာလိုက်သည်။

(စုံစမ်းမေးမြန်းခြင်း သည်းခံပါ) **ဦးဝင်းအောင်**

၈/ရနခ(နိုင်) ၀၀၉၁၇၀။

မွေးနေ့ဆုတောင်း

မိသားစုအပေါ် တာဝန်ကျေသိတတ်လိမ္မာသော အငယ်ဆုံးသမီးလေး

လွဲ့

ဝင့်လွဲ့လွဲ့ဌေး(ခ)တောက်

B.A (Myanmar)
Master of Literature(Rissho University Tokyo)
Hokky Sou Company Ltd. Tokyo, JAPAN

သမီးရဲ့ ပန်းခင်းသော ဘဝလမ်းခရီးမှာ ရိုးသားကြိုးစားသော ဂုဏ်သတင်း မွှေးစေ လိုရာဆန္ဒပြည့်ဝစေရန် ဓမ္မာရုံဘုရားမှာ မွေးနေ့နံဘုရားတည်၍ ကုသိုလ်ပေးဝေလိုက်ပါတယ်။ ကျန်းမာချမ်းသာ၍ အန္တရာယ်ကင်းပါစေ-

ဖေ	-	(ဦးဌေးဌေး) အကြီးတန်းဘူမိဗေဒအရာရှိ
မေ	-	ဒေါ်ခင်မူအေး
မမကြီး	-	မခင်ဖြူဖြူဌေး-B.Sc(Maths) D.L.I.S(YASU)
ကိုကို	-	ကိုတင်အောင်အောင်ဌေး B.Sc(Zool), A.J.T.I(M.T)
		မခိုင်ဇာသွယ် B.Sc(Zool)
မမ	-	သက်မူမူဌေး B.A(English)
		တူမလေး- စုရတီ (Hunney)

အာရှသဲသောင်ပြင် အားကစားပြိုင်ပွဲ၌ မြန်မာလှေလှော်အားကစားအဖွဲ့ဝင်များ ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ်တစ်ခု ဆွတ်ခူးရရှိခဲ့

ပထမအကြိမ် အာရှသဲသောင်ပြင် အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ်တစ်ခုဆွတ်ခူးခဲ့သော အသင်းအုပ်ချုပ်သူ ဦးဖေဝင်း ခေါင်းဆောင်သည့် မြန်မာလှေလှော် အားကစားအဖွဲ့ဝင်များအား ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ တွေ့ရစဉ်။ (မြန်မာ့အလင်း)

ရန်ကုန် အောက်တိုဘာ ၂၃

၂၀၀၈ခုနှစ် အောက်တိုဘာ ၁၈ရက်မှ ၂၆ရက်အထိ အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းတွင် ကျင်းပလျက်ရှိသည့် ပထမအကြိမ် အာရှသဲသောင်ပြင် အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး မီတာ ၅၀၀ အမျိုးသား ၂၀ တက်လှေလှော်ပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခု၊ မီတာ ၂၅၀ အမျိုးသား ၂၀ တက်လှေလှော်ပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခု၊ မီတာ ၈၀၀ အမျိုးသား ၂၀တက် လှေလှော်ပြိုင်ပွဲတွင် ငွေတံဆိပ်တစ်ခု စုစုပေါင်း ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ် တစ်ခုရရှိခဲ့ပြီး အသင်းအုပ်ချုပ်သူ ဦးဖေဝင်း ခေါင်းဆောင်သည့် မြန်မာလှေလှော် အားကစားအဖွဲ့ဝင်များသည် ယနေ့ နံနက်ပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာရာ လေဆိပ်သို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒေါ်အေးအေးနှင့် တာဝန်ခံနာယကများ၊ ကော်မတီဝင်များ၊ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ် အမှုဆောင်များ၊ မြန်မာ့လက်ရွေးစင် အားကစား မောင်မယ်များ၊ ဆွေမျိုးမိတ်သင်္ဂဟများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

(မြန်မာ့အလင်း)

မာဒေးကားဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ မလေးရှားနှင့်ဗီယက်နမ် ဗိုလ်လုရမည်

ရန်ကုန် အောက်တိုဘာ ၂၃

၂၀၀၈ ခုနှစ် အကြိမ်(၄၀)မြောက် မာဒေးကားဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကို ယနေ့ညပိုင်းတွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပရာ ဒုတိယအကြိုဗိုလ်လုပွဲအဖြစ် မြန်မာအသင်းနှင့် မလေးရှားအသင်းတို့ ပွဲစဉ်၌ မလေးရှားအသင်းက လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး ပထမအကြို ဗိုလ်လုပွဲ၌ အနိုင်ရသည့် ဗီယက်နမ်အသင်းနှင့် ဗိုလ်လုပွဲ ကစားရမည် ဖြစ်သည်။

(မြန်မာ့အလင်း)

မိုးလေဝသ ခန့်မှန်းချက်

မြန်မာ့အလင်း — သန်းသန်းနု ကိုးကားတင်ပြသည်

ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ မကွေးတိုင်းနှင့် ဧရာဝတီတိုင်းတို့၌ နေရာကွက်ကျားမိုးရွာနိုင်

ရန်ကုန် အောက်တိုဘာ ၂၃

အောက်တိုဘာ၂၂ရက်က ကမ္ဘာ့နိုင်ငံများ၏ မိုးလေဝသအခြေအနေကို ဖော်ပြရပါလျှင် အိန္ဒိယတောင်ပိုင်း၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးမှုများဖြစ်ပေါ်ကာ ချန်နိုင်းမြို့လမ်းပေါ်တွင်ရေလွှမ်းခဲ့ပြီး မြေနိမ့်ပိုင်းဒေသနေ ပြည်သူများ ရေဘေးဒုက္ခနှင့်ကြုံတွေ့ရပြီး တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း၌ ဆီးနှင်းများ ထူထပ်စွာကျဆင်းမှုကြောင့် လမ်းပန်းဆက်သွယ်ရေး အခက်အခဲများ တွေ့ကြုံခဲ့ကြောင်း သိရသည်။

အောက်တိုဘာ ၂၃ ရက်က မြန်မာနိုင်ငံ၏ မိုးလေဝသ အခြေအနေကို ဖော်ပြရပါလျှင် ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား မိုးရွာခဲ့သည်။ မွန်ပြည်နယ်တွင် နေရာစိပ်စိပ် မိုးရွာခဲ့ပြီး ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်တို့၌ နေရာကျဲကျဲ မိုးရွာခဲ့သည်။ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။

အောက်တိုဘာ ၂၃ ရက်က ရွာသွန်းခဲ့သော မိုးရေချိန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

ကိုကိုးကျွန်း	**၀ဒသမ ၈၇ လက်မ**
ချောက်	**၀ဒသမ ၈၇ လက်မ**
ကျောက်ပန်းတောင်း	**၀ဒသမ ၅၅ လက်မ**
သထုံ	**၀ဒသမ ၅၅ လက်မ**

အောက်တိုဘာ ၂၄ ရက် **(ယနေ့)** ပြည်နယ်နှင့်တိုင်းများ၏ မိုးလေဝသအခြေအနေကို ခန့်မှန်းရပါက ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်ကျားမိုးရွာနိုင်ပြီး ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင်နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

အောက်တိုဘာ၂၄ရက် **(ယနေ့)** နေပြည်တော်နှင့် ရန်ကုန်မြို့အနီးတစ်ဝိုက် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင်မူ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

မြန်မာစံတော်ချိန် နံနက် ၁၁နာရီခွဲ တိုင်းထွာချက်အရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် လေဖိအားနည်း ရပ်ဝန်းတစ်ခုဖြစ်ပေါ်နေသည်။ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်း၊ အနောက်အလယ်ပိုင်းနှင့် အနောက်တောင်ပိုင်းတို့တွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့၌ တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။ မြန်မာ့ပင်လယ်ပြင်တွင်မူ လှိုင်းအသင့်အတင့်ရှိမည် ဖြစ်ကြောင်းဖော်ပြလိုက်ရပါသည်။ ။

ကိုးကားချက်-မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်

The Live News ဂျာနယ် အမှတ်(၁၀၃)ထုတ်ဝေဖြန့်ချိ

ရန်ကုန် အောက်တိုဘာ ၂၃

ယခုအပတ်ထုတ် The Live News ဂျာနယ် အမှတ်(၁၀၃)တွင် မြင်းမူမောင်နိုင်မိုး၏ လိုချင်တာကိုရွေးချယ်ကြ၊ အခဆုံးအမ၊ နီမင်းဆွေ၏လက်ချောင်းလေးများကပြောသောစကား၊ ကိုကိုလှိုင်၏ ထိုင်းနှင့်ကမ္ဘောဒီးယားတို့အကြား နယ်စပ်ပစ်ခတ်မှုဖြစ်ပွား၊ ကေကေ(မဟာဝိဇ္ဇာ)၏ အပြည်ပြည်ဆိုင်ရာအဘိဓမ္မာရောင်ဝါနေသို့ ထွန်းစေသောဝ်၊ မောင်မြတ်မွန်(ဆူးလေ)၏ ရန်ကုန်မြို့ကြီးရဲ့သမိုင်းထဲက သမိုင်းတင်အဝိုင်းကြီးများ (Round-about)(၄)၊ နီငြိမ်း(အညာတက္ကသိုလ်)၏ ဗီယက်နမ်နိုင်ငံ၏ လူမှုရေးနှင့် စီးပွားရေးဘဝအလှည့်အပြောင်းများ အပိုင်း(၃)၊ အောင်လျှမ်းဝေ၏ လွမ်းငွေ့မပြေချယ်ရီမြေ(၆)၊ အာရှမိုး၏ကမ္ဘာကျော်စပိုင်မကလေးများ၊ ရှိန်အောင်ဗိုလ်၏ မြန်မာဂေါက်သီးရိုက်အသင်းမှ သက်ရှည်ကျန်းမာနေသူများ၊ အတိုင်းထက်အလွန်ပြီးတော့ အကန့်အသတ်မရှိဘူးလို့ ပြောလာပြန်တဲ့နောနော်တို့ BLAZE Band အဖွဲ့သားများနဲ့ တွေ့ဆုံခြင်း၊ အိန္ဒိယနှင့်အမေရိကန်၊ ပါကစ္စတန်နှင့် တရုတ်မဟာဗျူဟာအုပ်စုဖွဲ့နိုင်မှု အလားအလာ၊ ဝေက်အတွက် အများကဒဏ်ခံနေရသည့်ကမ္ဘာကြီး၊ နို့နှင့်နို့ထွက်ပစ္စည်းများအပေါ် ယုံကြည်ကိုးစားမှုရရေးအတွက် တရုတ်အစိုးရကြိုးပမ်း၊ အများဆုံးဝေဖန်တိုက်ခိုက်ခြင်းခံနေရသော အမေရိကန်ဒုတိယသမ္မတလောင်းမစ္စ(စ)ဆာရာပါလင်၊ နောက်ဆုံးပေါ်တိုက်ချင်းပစ်ဒုံးကျည်လေးစင်း ရုရှားကစမ်းသပ်ပစ်လွှတ်ခဲ့၊ မျက်ဝန်းရိပ်အပိုင်း(၂၁၊ ၂၂)၊ ပင်လယ်ပျော်မင်းသားအပိုင်း(၄၁၊ ၄၂)၊ လေကြောင်းမြို့တော် အပိုင်း(၇၊ ၈) စသည့်သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများဖြင့် ဝေဝေဆာဆာတင်ဆက်ထားသည်။

The Live News ဂျာနယ်ကို အပတ်စဉ် စနေနေ့တိုင်း ဖတ်ရှုသူအိမ်အရောက် ပေးပို့ရန် စီစဉ်ထားရာ လစဉ်ကြေးဖြင့် ဖတ်ရှုလိုသူများ သုံးလ ၁၃စောင် ကျပ် ၅၈၅၀၊ ခြောက်လ ၂၆စောင် ကျပ် ၁၁၇၀၀နှုန်းထားများဖြင့် ရွှေပြည်စိုးစာပေတိုက်၊ အမှတ် ၃၁၀ အခန်း (၀၀၄) ဝါးတန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း- ၂၂၉၈၈၂၊ ၂၂၉၈၈၅နှင့် MARKET CARE (Distribution Service) အမှတ် ၅၅ ပထမထပ် ဝါးတန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၃၉၇၃၊ ၀၉-၅၀၀ ၈၀၄၇တို့သို့ မှာယူဖတ်ရှုနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

သူတို့ အတွေးနှင့်အမြင်

Every law is an infraction of liberty.

ဥပဒေတိုင်းသည် လွတ်လပ်မှုကို အနှားသတ်ထားသည့်အရာပင် ဖြစ်သည်။

ဂျာမီဘင်တမ်

(အင်္ဂလိပ်လူမျိုးအတွေးအခေါ်ပညာရှင်၊
လူမှုပြုပြင်ပြောင်းလဲရေးသမားနှင့်ဥပဒေပညာရှင်)

Whatever you do, do with all your might.

မည်သည့်အလုပ်ကို လုပ်ကိုင်သည်ဖြစ်စေ ခွန်စိုက်အားစိုက်လုပ်ကိုင်ပါ။

စစ်စီရို

(ရောမလူမျိုးအတွေးအခေါ်ပညာရှင်)

ဘဝအမောပြေ

မမှန်ဘူးလား....

ဆေးခန်းတစ်ခန်း၌ အလွန်အပြောကောင်းသော ဆရာဝန်တစ်ဦးထံသို့ လူနာတစ်ဦး ဆေးကုသမှုခံယူရန် ရောက်ရှိလာခဲ့သည်။

လူနာ ။ ။ ကျွန်တော့်ကျန်းမာရေး ကောင်းမကောင်း စစ်ဆေးချင်လို့ပါ။

ဆရာဝန် ။ ။ ခင်ဗျားရဲ့ ကျန်းမာရေးအခြေအနေ တော်တော် ကောင်းပါတယ်ဗျ။

လူနာ ။ ။ အသက်ဘယ်လောက်အထိ ကျွန်တော်နေရမယ်ထင်လဲ ပြောပါဦး။

ဆရာဝန် ။ ။ အသက်အရှည်ကြီးနေရမှာပါ။ စိတ်မပူပါနဲ့ ကျွန်တော့်အထင် အသက် ၈၀ အထိ ခင်ဗျား နေရလိမ့်မယ်။

လူနာက စိတ်ဆိုးမာန်ဆိုးဖြင့်-

လူနာ ။ ။ ကျုပ် အခု အသက် ၈၀ ရှိပြီဗျ။

ဆရာဝန် ။ ။ ကျွန်တော်ပြောသားပဲ၊ ခင်ဗျားအသက် ၈၀အထိ နေရမယ်လို့၊ မမှန်ဘူးလားဗျာ။

လူနာ ။ ။ 'ဟင်'

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်
တင်မာဝင်းနှင့် အေးသန္တာသိန်း

ကမ္ဘာ့တစ်လွှား ထူးထူးခြားခြား

ကမ္ဘာ့အကြီးဆုံး စာလုံးဖော်ဆောင်မှု

ဗြိတိန်နိုင်ငံ ဘန်ဘူရီမြို့တွင် စူပါရစ်ဖ်ကားပိုင်ရှင် ၁၀၈၆ဦးက ကောလင်းမက်ရေး (COLIN MCRAE) ဟူသော နာမည်စာလုံးကို ၎င်းတို့၏ စူပါရစ်ဖ်ကား ၁၀၈၆စီးဖြင့် ပုံဖော်ခဲ့ကြရာ ယင်းအရှည် မိုင်ဝက်ခန့်ရှိပြီး အကြီးဆုံးစာလုံးဖော်ဆောင်ပွဲအဖြစ် ဂင်းနက်စ်မှတ်တမ်းတွင် ဖော်ပြခြင်းခံခဲ့ရသည်။ (ဝဲပုံ)

ကောလင်းမက်ရေးသည် ကမ္ဘာ့ချန်ပီယံ ကားမောင်းပြိုင်ပွဲတွင် ဗြိတိန်နိုင်ငံမှပထမဦးဆုံးချန်ပီယံဆုဆွတ်ခူးခဲ့သူဖြစ်ပြီးစူပါရစ်ဖ်ကားအသင်းကိုတည်ထောင်ကာ ကမ္ဘာ့ချန်ပီယံဆု သုံးကြိမ်ရအောင် စွမ်းဆောင်ပေးခဲ့သူဖြစ်သည်။ ကောလင်းမက်ရေးသည် ၂၀၀၇ခုနှစ် စက်တင်ဘာလအတွင်းက ရဟတ်ယာဉ်ပျက်ကျရာ၌ ကွယ်လွန်သွားခဲ့သည်။

(အင်တာနက်ဓာတ်ပုံ)

ကမ္ဘာ့အကြီးဆုံး ရော်ဘာဘောလုံးကြီး

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် လောက်ဒါဟေးလ်မြို့တွင် အသက်၂၇နှစ် အရွယ်ရှိ အဝတ်အထည်ဆိုင် အလုပ်သမားတစ်ဦးက ရော်ဘာကွင်းပေါင်း ၇၂၆၅၀၀ကျော်သုံးကာ အလေးချိန် ပေါင် ၈၂၀၀ဖြင့် ရော်ဘာဘောလုံးကြီးကို ပြုလုပ်ခဲ့ရာ ကမ္ဘာ့အကြီးဆုံး ရော်ဘာဘောလုံးကြီးအဖြစ် ဂင်းနက်စ်မှတ်တမ်းတင်နိုင်ခဲ့သည်။ **(ယာပုံ)**

ယခုကမ္ဘာ့အကြီးဆုံး ရော်ဘာဘောလုံးကြီး မတိုင်မီက အော်ရီဂွန်ပြည်နယ်မှ စတီဗင်မီလ်တန်က ရော်ဘာကွင်းပေါင်း ၁၇၅၀၀၀ကို အသုံးပြုလျက် ပေါင် ၄၆၀၀ရှိ ရော်ဘာဘောလုံးကြီးအဖြစ် ၂၀၀၆ခုနှစ် နိုဝင်ဘာလတွင် ချီကာဂိုမြို့၌ ဂင်းနက်စ်စံချိန် တင်ထားခဲ့ဖူးသည်။ ၁၉၉၉ခုနှစ်က အလေးချိန်ပေါင် ၃၁၂၀ရှိ ရော်ဘာဘောလုံးဖြင့် မီလ်တန်က ဂင်းနက်စ်စံချိန် တင်ခဲ့ဖူးသည်။ **(အင်တာနက်ဓာတ်ပုံ)**

ဆိုက်ပရပ်(စ်)နိုင်ငံ၏ သမိုင်းနောက်ခံ

သတင်းအက်ဆေး

ဆိုက်ပရပ်(စ်)သမ္မတနိုင်ငံသည် မြေထဲပင်လယ် အရှေ့ဘက်ဒေသတွင် တည်ရှိသည်။ ဤနိုင်ငံ၏ ခေတ်သစ်သမိုင်းတွင် ဆိုက်ပရပ်(စ်)ကျွန်းပေါ်၌ နေထိုင်ကြသည့် ဂရိများနှင့် တူရကီများအကြား ရန်လိုမှုဖြစ်စဉ်ကို အထင်းသားမြင်တွေ့နိုင်သည်။ ဆိုက်ပရပ်(စ်) ကျွန်းတွင် ဂရိအစိုးရထောက်ခံသည့် စစ်ဘက်က အာဏာသိမ်းမှုကို အကြောင်းပြု၍ ၁၉၇၄ ခုနှစ်တွင် တူရကီတပ်များက ဆိုက်ပရပ်(စ်)ကျွန်း မြောက်ပိုင်းကို ကျူးကျော် သိမ်းပိုက်လိုက်သောအခါ နိုင်ငံနှစ်ခြမ်းကွဲသွားသည်။ နိုင်ငံ၏ သုံးပုံတစ်ပုံကျယ်သည့် မြောက်ပိုင်း၌ တူရကီနွယ်ဖွား ဆိုက်ပရပ်(စ်)များနေထိုင်ပြီး ကျန်သုံးပုံနှစ်ပုံကျယ်ဝန်းသည့် တောင်ပိုင်းတွင် ဂရိနွယ်ဖွားဆိုက်ပရပ်(စ်)များ မှီတင်းနေထိုင်သည်။

အသိအမှတ်ပြု

၁၉၈၃ခုနှစ်တွင် တူရကီသိမ်းသည့်ဒေသက ဆိုက်ပရပ်(စ်)မြောက်ပိုင်း တူရကီသမ္မတနိုင်ငံအဖြစ် ကြေညာသည်။ တူရကီနိုင်ငံက တူရကီနွယ်ဖွား ဆိုက်ပရပ်(စ်) အာဏာပိုင်များကိုသာ အသိအမှတ်ပြုသည်။ ထို့ပြင် နိုင်ငံမြောက်ပိုင်း၌ တူရကီတပ်ဖွဲ့ဝင် ၃၀၀၀၀ ဝန်းကျင်ကို တပ်စွဲထားသည်။

ဆိုက်ပရပ်(စ်)ကျွန်းကို နှစ်ပေါင်း ၃၀ကျော်ကြာ အော်တိုမန်အုပ်ချုပ်ပြီးနောက် ၁၈၁၄ခုနှစ်တွင် ဗြိတိန်က တိုက်ရိုက်သိမ်းယူသည်။ ၁၉၂၅ ခုနှစ်တွင် ဗြိတိသျှအစိုးရ တိုက်ရိုက် အုပ်ချုပ်သည့် ကိုလိုနီဖြစ်လာခဲ့သည်။

၁၉၅၅ခုနှစ်တွင် ဗြိတိသျှအုပ်ချုပ်မှုကို ဂရိနွယ်ဖွား ဆိုက်ပရပ်(စ်)များက ပြောက်ကျားစစ် စတင်ကာ တော်လှန်သည်။ အဆိုပါ အီးအိုကေအေ ပြောက်ကျားလှုပ်ရှားမှုအဖွဲ့က ဤကျွန်းကို ဂရိနိုင်ငံနှင့် ပေါင်းလိုသည်။

ပြည်နှင်ဒဏ်ပေး

ဗြိတိသျှအာဏာပိုင်များကလည်း တူရကီနွယ်ဖွား ဆိုက်ပရပ်(စ်)များဖြင့် စစ်ရဲဆေးတပ်ဖွဲ့ကို ထူထောင်ကာ လက်နက်တပ်ဆင်ပေးသည်။ ၁၉၅၆ခုနှစ်တွင် ဂရိနှင့်ပူးပေါင်းရေးကို ဦးဆောင်သူ မကာရီယို့စ်အား အာဏာပိုင်များက ဆေးရှဲသို့ ပြည်နှင်ဒဏ် ပေးလိုက်သည်။ ၁၉၅၉ခုနှစ်တွင် မကာရီယို့စ်ပြန်ရောက်လာပြီး ဆိုက်ပရပ်(စ်)သမ္မတအဖြစ် ရွေးချယ်ခံခဲ့ရသည်။

၁၉၆၀ပြည့်တွင် ဂရိနွယ်ဖွားနှင့် တူရကီနွယ်ဖွားများ ဖွဲ့စည်းပုံအခြေခံဥပဒေ တစ်ရပ်ရေးဆွဲရန် သဘောတူအပြီး ဆိုက်ပရပ်(စ်)နိုင်ငံ လွတ်လပ်ရေးရသည်။ ထိုသဘောတူညီချက်တွင် ဗြိတိန်၊ ဂရိနှင့် တူရကီနိုင်ငံတို့အနေဖြင့် ဆိုက်ပရပ်(စ်)အရေး စွက်ဖက်ခွင့်ပေးထားသည်။

၁၉၆၃ခုနှစ်တွင် အာဏာခွဲဝေရေး အစီအစဉ်များကို ပယ်ဖျက်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးရာ ပြင်ဆင်မှုများလုပ်ရန် မကာရီယို့စ်က အဆိုပြုသောအခါ တူရကီနွယ်ဖွားများ ထိတ်လန့်လာသည်။ လူမျိုးရေး အကြမ်းဖက်မှုပေါ်ပေါက်သည်။ အာဏာခွဲဝေရေးအစီအစဉ်မှ တူရကီနွယ်ဖွားများက နောက်ဆုတ်သွားခဲ့သည်။

၁၉၆၄ခုနှစ်တွင် ကုလသမဂ္ဂ ငြိမ်းချမ်းရေးတပ်များချထားသည်။ တူရကီနွယ်ဖွား ဆိုက်ပရပ်(စ်)များက ဂရိနွယ်ဖွားများအလယ်တွင် ရောက်နေသော လူနည်းစုအဖြစ် စုစည်းလိုက်သည်။ ၁၉၇၄ခုနှစ်တွင် ဆိုက်ပရပ်(စ်) ဂရိစစ်အစိုးရထောက်ခံသည့် အာဏာသိမ်းမှုဖြစ်ခဲ့သည်။ သမ္မတ မကာရီယို့စ် လွတ်မြောက်သွားသည်။ ရက်ပိုင်းအတွင်း တူရကီတပ်များက ဆိုက်ပရပ်(စ်)မြောက်ပိုင်းကိုသိမ်းသည်။ ဂရိနွယ်ဖွား ဆိုက်ပရပ်(စ်)များ ထွက်ပြေးကြသည်။ အာဏာသိမ်းမှု ပြိုကွဲသွားသည်။ တူရကီတပ်များက ဆိုက်ပရပ်(စ်)ကျွန်း သုံးပုံတစ်ပုံကို သိမ်းထားသည့်အတွက် တောင်နှင့်မြောက် နှစ်ခြမ်းကွဲရသည်။ မကာရီယို့စ် ဒီဇင်ဘာလအထိ ဆိုက်ပရပ်(စ်)အောက်လွှတ်တော်ဥက္ကဋ္ဌ ကလာရီဒက် သမ္မတတာဝန်ယူသည်။

ကူးလူးဆက်ဆံရေး

၁၉၇၅ခုနှစ်တွင် တူရကီနွယ်ဖွား ဆိုက်ပရပ်(စ်)များက ဒင်းတပ်ကို သမ္မတတင်မြှောက်ကာ လွတ်လပ်သော အစိုးရထူထောင်သည်။ ပြည်သူများ ကူးလူးဆက်ဆံရေး ဒင်းတပ်နှင့် ကလာရီဒက်တို့က သဘောတူခဲ့သည်။

၁၉၇၇ခုနှစ်တွင် သမ္မတမကာရီယို့စ် ကွယ်လွန်သဖြင့် ကိုင်ပရီယာနို ရာထူးဆက်ခံသည်။ ၁၉၈၀ပြည့်တွင် ကုလသမဂ္ဂကြီးမှူးသည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲပြန်စသည်။ ၁၉၈၃ခုနှစ်တွင် ဆွေးနွေးပွဲကို ဒင်းတပ်က ရပ်လိုက်ပြီး ဆိုက်ပရပ်(စ်)မြောက်ပိုင်းကို တူရကီသမ္မတနိုင်ငံ ကြေညာသည်။ ၁၉၈၅ခုတွင် ဒင်းတပ်နှင့် ကိုင်ပရီယာနိုတို့အကြား ဆွေးနွေးသော်လည်း သဘောတူညီမှုမရချေ။

၁၉၈၈ခုနှစ်တွင် ဂျော်ဂျီယိုဗက်ဆီလီယူ ဂရိနွယ်ဖွားတို့၏ ဆိုက်ပရပ်(စ်)သမ္မတအဖြစ် ရွေးချယ်ခံရသည်။ ၁၉၉၃ခုနှစ်တွင် ၎င်းအစား ကလာရီဒက်က သမ္မတအဖြစ် အစားထိုးတာဝန်ယူသည်။ ၁၉၉၆ခုနှစ်တွင် ကြားခံနယ်စပ်တစ်လျှောက် အကြမ်းဖက်မှုဖြစ်ကာ တင်းမာလာသည်။ ၁၉၉၇ခုနှစ်တွင် ကလာရီဒက်နှင့် ဒင်းတပ်အကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲ မအောင်မမြင်ဖြစ်သည်။ ၁၉၉၈ခုနှစ်တွင် ကလာရီဒက် ဒုတိယသမ္မတသက်တမ်းအတွက် ပြန်အရွေးခံရသည်။ ၂၀၀၁ခုနှစ် ဇွန်လတွင် ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ၎င်း၏ ၃၆နှစ်ကြာ ငြိမ်းချမ်းရေးထိန်းသိမ်းတာဝန်ကို ထပ်မံပြဋ္ဌာန်းသည်။

၂၀၀၃ခုနှစ် ဖေဖော်ဝါရီလတွင် သမ္မတရွေးကောက်ပွဲ၌ ကလာရီဒက်ကို ပါပါဒိုပိုးလော့စ် အနိုင်ရသည်။ ထိုနှစ်မတ်လတွင် ပြန်လည်ပေါင်းစည်းရေး အစီအစဉ်ဆိုင်ရာ သဘောတူညီမှုအတွက် ကုလသမဂ္ဂ၏ ပြီးစီးရန်သတ်မှတ်ထားသော နောက်ဆုံးအချိန် ကျော်လာသည်။ စီမံကိန်းမအောင်မြင်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအန်နန် ဝန်ခံသည်။ ၂၀၀၄ခုနှစ် မေလ ၁ရက်တွင် ဤနိုင်ငံသည် အီးယူဝင်ခွင့်ရနိုင်ငံ ၁၀နိုင်ငံတွင် ပါဝင်သည်။

၂၀၀၅ခုနှစ် ဧပြီလတွင် မာမက်အလီတာလက် တူရကီနွယ်ဖွား ဆိုက်ပရပ်(စ်)သမ္မတအဖြစ် ရွေးချယ်ခံရသည်။ ၂၀၀၆ခုနှစ် ဇူလိုင်တွင် သမ္မတပါပါဒိုပိုးလော့စ်နှင့် တူရကီနွယ်ဖွား ဆိုက်ပရပ်(စ်)ခေါင်းဆောင် အလီတာလက်တို့သည် ကုလသမဂ္ဂဦးစီးသည့် ဆွေးနွေးပွဲတွင် နားလည်မှုတည်ဆောက်ရေးလုပ်ငန်းများအတွက် သဘောတူညီမှုရသည်။ ၂၀၀၇ခုနှစ် နှစ်ဆန်းတွင် နီကိုးရှားမြို့ဟောင်းမှ အတားအဆီးများကို ဖြိုချခဲ့သည်။

၂၀၀၈ခုနှစ် ဖေဖော်ဝါရီ သမ္မတရွေးကောက်ပွဲတွင် ကွန်မြူနစ်ပါတီခေါင်းဆောင် ဒီဟီဒရစ်ခရစ္စတိုဖိယက် အနိုင်ရသည်။ နှစ်ခြမ်းကွဲမှု အဆုံးသတ်ရေး ဦးစားပေးရန် မဲဆွယ်စည်းရုံးခဲ့သည်။ တူရကီနွယ်ဖွား ဆိုက်ပရပ်(စ်)ခေါင်းဆောင်ကလည်း ပြန်လည်ပေါင်းစည်းရေး ထောက်ခံသူဖြစ်၍ ဤနိုင်ငံတိုးတက်ရေး အလားအလာကောင်းကို မြင်တွေ့နိုင်ပေသည်။ ။

ကိုးကား-အင်တာနက်

တိုး ရေးသားသည်

၂၀၀၈ခုနှစ် ဖေဖော်ဝါရီ သမ္မတရွေးကောက်ပွဲတွင် ကွန်မြူနစ်ပါတီခေါင်းဆောင် ဒီဟီဒရစ်ခရစ္စတိုဖိယက် အနိုင်ရ၊ နှစ်ခြမ်းကွဲမှု အဆုံးသတ်ရေး ဦးစားပေးရန် မဲဆွယ်စည်းရုံးခဲ့၊ တူရကီနွယ်ဖွား ဆိုက်ပရပ်(စ်) ခေါင်းဆောင်ကလည်း ပြန်လည်ပေါင်းစည်းရေး ထောက်ခံသူဖြစ်၍ ဤနိုင်ငံတိုးတက်ရေး အလားအလာကောင်းကို မြင်တွေ့နိုင်။

ပဲခူးသာမဏေကျော် ဘုံကထိန်

ပဲခူးမြို့ ဥသာမြို့သစ် သာမဏေကျော် ပရိယတ္တိစာသင်တိုက်ရှိ သံဃာတော်အရှင်မြတ်အပါး ၁၅၀တို့အား (၁၃၇၀ပြည့်နှစ် တန်ဆောင်မုန်းလဆန်း ၁၀ရက်) နိုဝင်ဘာ၇ရက် (သောကြာနေ့)တွင် (၁၅)ကြိမ်မြောက်အဖြစ် ဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းမည်ဖြစ်ရာ ဓမ္မမိတ်ဆွေများ ကြွရောက်ကြပါရန်နှင့် သင်္ကန်းကုသိုလ် ပါဝင်လိုသူများ အကျိုးဆောင်အဖွဲ့ ဖုန်း-၀၅၂-၃၀၀၉၆သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေးအပ်ပါသည်။

လေးတောင်နယ်အသင်း(ရန်ကုန်) (၂၉)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန် အလှူတော်ကျင်းပမည်

လေးတောင်နယ်အသင်း(ရန်ကုန်)မှ နှစ်စဉ်ကျင်းပမြဲဖြစ်သော စုပေါင်းမဟာဘုံကထိန်၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ၉-၁၁-၂၀၀၈ ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီမှ မွန်းတည့် ၁၂နာရီအထိ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်အနီး ရခိုင်ပြည်နယ် ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ကြသည့် အသင်းဝင်သားသမီးများ၏ အမှတ်စာရင်းမိတ္တူများကို အချိန်မီပေးပို့ကြရန်နှင့် ရန်ကုန်မြို့ရှိ လေးတောင်နယ်သူနယ်သားများအားလုံး ကြွရောက်ကြပါရန် နှိုးဆော်အပ်ပါသည်။

ပဉ္စမအကြိမ် မဟာဘုံကထိန် အလှူတော်မင်္ဂလာဖိတ်ကြားလွှာ

ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ ဉာဏရပ်ကွက်၊ နွယ်သာကီလမ်း၊ ရတနာစံဦးတိုက် ရတနာမာရ်အောင် တောရဓမ္မရိပ်သာ၏ ပဓာနနာယကဖြစ်တော်မူသော ကမ္မဋ္ဌာနာစရိယ ပြည်တွင်း၊ ပြည်ပ နယ်လှည့်သာသနာပြု ဓမ္မကထိက မြောက်ဦးဆရာတော် ဝနဝါသီအရှင်ဝါယာမိန္ဒအား အမျှူးထားလျက် တပည့်ဒါယကာ၊ ဒါယိကာမများက ရန်ကုန်မြို့ ရတနာမာရ်အောင် တောရဓမ္မရိပ်သာ၌ ပုရိမဝါမှထတော်မူကြသော သံဃာများအပါအဝင် ပင့်သံဃာအပါး ၅၀တို့အား ကထိန်သင်္ကန်း၊ ဆွမ်းအစရှိသော ဒါတဗ္ဗဝတ္ထုအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်းမည်ဖြစ်ပါ၍ 'ပဉ္စမအကြိမ်စုပေါင်းဘုံကထိန်အလှူတော်မင်္ဂလာပွဲ' သို့ ကြွရောက်ချီးမြှင့်ကြည်ညိုသဒ္ဓါပွားများနိုင်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၁၃၇၀ပြည့်နှစ် သီတင်းကျွတ်လပြည့်ကျော် ၁၂ရက်
၂၆-၁၀-၂၀၀၈ရက် (တနင်္ဂနွေနေ့)

အချိန် - နံနက် ၉း၀၀နာရီ

နေရာ - မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ နွယ်သာကီလမ်း၊
ရတနာမာရ်အောင် တောရဓမ္မရိပ်သာ။

ဒါယကာ၊ ဒါယိကာမများ။

ညောင်တုန်းမြို့ အထက(၂) (ယခင် အလက-၁) ရာပြည့်ပွဲတော်

အငြိမ်းစားဆရာ ဆရာမများအား ဂုဏ်ပြုပူဇော်ပွဲ
ကျောင်းသားကျောင်းသူဟောင်းများ ပြန်လည်တွေ့ဆုံပွဲ

၂၀၀၈ ခုနှစ် နိုဝင်ဘာ ၁ရက် နံနက်၈း၃၀နာရီ မပျက်မကွက် ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ လှူဒါန်းမှုအပါအဝင် ရာပြည့်ပွဲတော်နှင့်ပတ်သက်၍ ဖုန်း-၀၁-၃၈၀၁၀၆၊ ၀၁-၃၇၇၂၃၆၊ ၀၄၆-၂၀၂၈၁နှင့် ၀၄၆-၂၀၁၆၅တို့သို့ ဆက်သွယ်ပါရန်။ **ကျင်းပရေးကော်မတီ။**

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန ကြေညာချက်

(ကျပ် ၂၀၀/-တန် ထီလက်မှတ် စတင်ရောင်းချခြင်း)

၁။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲမှ ၂၀၀၈ခုနှစ်၊ ဒီဇင်ဘာလ၁ရက်နေ့တွင် စတင်ရောင်းချပြီး ၂၀၀၉ခုနှစ် ဇန်နဝါရီလ၁ရက်နေ့တွင် ဖွင့်လှစ်မည့် (၂၄၀)ကြိမ်မြောက် အောင်ဘာလေသိန်းဆုလက်မှတ်များကို တစ်စောင်လျှင် ကျပ် ၁၀၀/အစား ကျပ် ၂၀၀/အဖြစ် စတင်ထုတ်ဝေရောင်းချသွားပါမည်။

၂။ ထီအက္ခရာအလုံး(၃၀) စတင်ရောင်းချသွားမည်ဖြစ်ပြီး အုပ်ရေများ အပြည့်အဝကုန်စင်အောင်ရောင်းချခဲ့ရလျှင် ကျပ် ၂၀၀/တန် ထီလက်မှတ် တစ်ရွက်အနေဖြင့် အောက်ပါဆုမဲများ ရရှိခံစားနိုင်မည်ဖြစ်ပါသည်-

ကျပ်	သိန်း	၁၀၀၀	၁ ဆု
ကျပ်	သိန်း	၅၀၀	၁ ဆု
ကျပ်	သိန်း	၃၀၀	၃ ဆု
ကျပ်	သိန်း	၂၀၀	၅ ဆု
ကျပ်	သိန်း	၁၀၀	၁၇ ဆု
ကျပ်	၁၀	သိန်း	၄၉၃ ဆု
ကျပ်	၅	သိန်း	၃ ဆု
ကျပ်	၃	သိန်း	၁၇၃ ဆု
ကျပ်	၂	သိန်း	၁၅၉၃ ဆု
ကျပ်		တစ်သိန်း	၁၅၇၀၄ ဆု
		စုစုပေါင်း	၁၇၉၉၃ ဆု

၃။ အက္ခရာစုံအရွက်(၃၀)ပါ မင်္ဂလာစုံတွဲတစ်တွဲသည် ပေါက်ခဲ့ပါက အက္ခရာနှင့် ဂဏန်းခြောက်လုံးအစဉ်လိုက်တူသော လက်မှတ်မှ ပထမဆု ကျပ်သိန်း ၁၀၀ရရှိပြီး၊ ကျန် ၂၉စောင်မှ အက္ခရာလွဲပြီး ဂဏန်းခြောက်လုံး အစဉ်လိုက်တူသည့်အတွက် တစ်စောင်လျှင် ကျပ်(၁၀)သိန်းစီဖြင့် (၂၉)စောင်အတွက် ကျပ်သိန်း ၂၉၀ စုစုပေါင်း ကျပ်သိန်း ၃၉၀ ရယူခံစားနိုင်ပါသည်။

၄။ ထီအကြိမ်တစ်ကြိမ်အတွင်း ထီလက်မှတ်တစ်စောင်တည်းဖြင့် ဆုမဲအမျိုးမျိုးပေါက်ခဲ့ပါက ပေါက်ခဲ့သောဆုမဲများအားလုံးခံစားခွင့်ရှိပါသည်။

၅။ ယခုစနစ်သစ်အရ ထီပေါက်ခဲ့ပါက အနည်းဆုံး ဆုငွေကျပ်တစ်သိန်း ရရှိမည်ဖြစ်ပါသည်။

၆။ (၂၄၀)ကြိမ်မြောက် ထီဖွင့်ပွဲမှစ၍ ဆုငွေကျပ် ၁၀၀၀၀၀ (ကျပ်တစ်သိန်း)နှင့်အထက် ထီဆုငွေအားလုံးကို ရန်ကုန်မြို့နှင့် မန္တလေးမြို့ရှိ အောင်ဘာလေသိန်းဆုဌာနခွဲရုံးများတွင် ထုတ်ပေးပါမည်။ ကျပ် ၁၀၀၀၀၀၀(ကျပ်တစ်ဆယ်သိန်း)နှင့်အောက် ထီဆုငွေများကို ရန်ကုန်မြို့နှင့် မန္တလေးမြို့ရှိ အောင်ဘာလေသိန်းဆုဌာနခွဲရုံးများအပြင် ရန်ကုန်တိုင်း ပြင်ပရှိ ပြည်တွင်းအခွန်များဦးစီးဌာန၊ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများတွင်လည်း ထုတ်ယူနိုင်ပါသည်။

ညွှန်ကြားရေးမှူးချုပ်
ပြည်တွင်းအခွန်များဦးစီးဌာန

ရက်စွဲ၊ ၂၀၀၈ ခုနှစ် အောက်တိုဘာလ ၂၁ ရက်။

ဆိုင်ခန်းရောင်းမည် အဆင့်မြင့်မင်္ဂလာဈေး တတိယထပ်၊ ပတ်လမ်း လမ်းကျယ်၊ ဆွဲတံခါးတပ်ပြီး။ **ဖုန်း-၅၄၈၃၇၉။**

မြိတ်မြို့ သာယာလှပရေးအတွက် ကမ်းနားလမ်းတစ်လျှောက် အုန်းပင်များ စိုက်ပျိုးမှုကို စက်တင်ဘာ ၂၆ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးညွန့် ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

မကွေးကောလိပ် ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၃

မကွေးကောလိပ် ကျောင်းသားကျောင်းသူဟောင်းများ (၁၉၆၄-၁၉၇၆)၏ ဆဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို လာမည့် ဒီဇင်ဘာ ၇ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်း ကမာရွတ်မြို့နယ်ရှိ တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပမည် ဖြစ်သည်။

ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြပါရန်နှင့်အလှူငွေနှင့် အလှူပစ္စည်းများကို ဗိုလ်မှူးကြီး မြင့်သိန်း(ငြိမ်း) ဖုန်း-၅၃၀၀၃၂၊ ဦးတင်ထွန်း ဖုန်း-၀၉-၅၀-၁၈၅၃၃၊ ၅၄၅၅၉၉၊ ၅၄၅၆၇၂၊ ဦးတင်မောင်သန်း ဖုန်း-၀၉-၅၀-၀၃၈၉၉၊ ၆၈၀၉၀၉၊ ဦးသိန်းတန် ဖုန်း-၂၂၄၁၀၅၊ ဒေါ်ကြည်ကြည်တင် ဖုန်း-၅၅၃၄၁၈၊ ၀၉-၅၀-၂၄၀၄၁ နှင့် ဒေါ်မိမိခိုင် ဖုန်း-၆၄၀၈၆၈တို့သို့ ဖြစ်စေ၊ ယခင်နှစ် ဆက်သွယ်နေသော နယ်ကိုယ်စားလှယ်များထံဖြစ်စေ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ပညာရေး)

ကယားပြည်နယ် ဖရူဆိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဦးဖဲလမ်း ကျောက်ခင်းရန် ပစ္စည်းစုဆောင်းမှုကို အောက်တိုဘာ ၁၀ရက်က ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးဝင်း ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသိန်းဆင့်က ရှင်းလင်းတင်ပြစဉ်။ (ပြည်နယ်စည်ပင်)

ကျောက်မဲမြို့နယ်၌ သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်

ကျောက်မဲ အောက်တိုဘာ ၂၂

ကျောက်မဲမြို့နယ်တွင် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး စီမံချက် ချမှတ်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၁ ရက်က အမှတ်(၇) ရပ်ကွက်တွင် တစ်အိမ်တက်ဆင်း ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများနှင့် ပတ်ဝန်းကျင်ရှိ ချုံနွယ်များ ရှင်းလင်းခြင်းလုပ်ငန်းကို ရပ်ကွက်ဥက္ကဋ္ဌ၊ ကျန်းမာရေးဝန်ထမ်းများ၊ စည်ပင်ဝန်ထမ်းများနှင့် လူမှုရေးအသင်း အဖွဲ့ဝင်များက လိုက်လံကြည့်ရှု စစ်ဆေးကြပြီး လိုအပ်သည်များကို ရှင်းလင်း ပြောကြား သရုပ်ပြသကြကြောင်း သိရသည်။ (ကြံ့ခိုင်ဖွံ့ဖြိုးရေး)

ကျောက်တံခါး မြို့နယ် ပဲနွယ်ကုန်းမြို့ အခြေခံ ပညာ အထက်တန်းကျောင်း၌ မြို့နယ် မီးသတ်တာဝန်ခံ အရာရှိ ဦးဇော်မင်း ဦး နှင့် ဒေသ အရန်မီးသတ် တပ်ခွဲမှူး ဦးဝင်း မောင်ခိုင်တို့ အောက်တိုဘာ ၂၁ ရက်က ကျောင်း သားကျောင်းသူ များအား မီးသတ် ပညာရပ်များနှင့် မီးဘေးကြိုတင် ကာကွယ်ရေး အတွက် ဟောပြောပို့ချစဉ်။ (သတင်းစဉ်)

မှုခင်းသတင်း ဆိုင်ကယ်နှင့်တွန်းလှည်း ကားဖြင့်ဝင်တိုက်မှုဖြစ်

မိတ္ထီလာ အောက်တိုဘာ ၁၅

မိတ္ထီလာမြို့နယ် ရန်ကုန်-မန္တလေး ကားလမ်းပေါ်တွင် အောက်တိုဘာ ၃ရက်က မော်တော်ကားက ဆိုင်ကယ်နှင့် လက်တွန်းလှည်းကို ဝင်တိုက်မိသဖြင့် ဆိုင်ကယ်စီးသူနှင့် လက်တွန်းလှည်းတွန်းသူတို့ ဒဏ်ရာရရှိခဲ့ကြသည်။

ဖြစ်ပွားပုံမှာ မိတ္ထီလာမြို့အရှေ့ဘက် ရန်ကုန်-မန္တလေးကားလမ်း ကျီတော်ကုန်းရပ်ကွက်အနီးတွင် အောက်တိုဘာ ၃ရက် ညက ရန်ကုန်မြို့ သမိုင်းလမ်းဆုံ ရွှေဝင်းအိမ်ရာနေ ဇော်ဇော်မိုး (၃၉)နှစ် မောင်းနှင်သော ၆ခ/၃၇၃၆ နစ်ဆန်း လိမ္မော်ရောင်ကားသည် ကျီတော်ကုန်းရပ်ကွက် မိုင်တိုင် အမှတ် ၃၃၇/၄အနီးတွင် မန္တလေးဘက်သို့ မောင်းနှင်လာစဉ် ရှေ့မှသွားနေသော နန်းတော်ကုန်းရပ်နေ အောင်မျိုးထွေး (၃၁)နှစ်၏ နောက်မှလိုက်ပါလာသည့် ကျီတော်ကုန်းရပ်ကွက်နေ အောင်ချိုနှင့် ခိုင်ဇော်လတ်တို့ စီးလာသည့် ဆိုင်ကယ်နှင့် ကျီတော်ကုန်းရပ်နေ ထွန်းထွန်း၏ လက်တွန်းလှည်းအား ဝင်တိုက်မိရာ ဆိုင်ကယ်စီးသူ အောင်မျိုးထွေး၊ အောင်ချို၊ ခိုင်ဇော်နှင့် လက်တွန်းလှည်းတွန်းသူ ထွန်းထွန်းတို့မှာ ဒဏ်ရာရရှိသွားသဖြင့် ဆေးရုံသို့ တင်ပို့လိုက်ရသည်။

အမှုကို မိတ္ထီလာမြို့နယ် အမှတ်(၂) ရဲစခန်းမှ တာဝန်မှူးဒုရဲအုပ်ကျော်တင့်က တရားလိုပြုလုပ်၍ ယာဉ်မောင်းဇော်ဇော်မိုးအား ပုဒ်မ ၃၃၈ဖြင့် အရေးယူထားကြောင်း သိရသည်။ (၀၈၆)

အာဆီယံဒေသသည် သဘာဝသယံဇာတကြွယ်ဝပြီး စီးပွားရေးအခွင့်အလမ်းများ တိုးတက်ကောင်းမွန် တရုတ်နှင့် အာဆီယံအကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများ ပူးပေါင်းဆောင်ရွက်နေ မြန်မာနိုင်ငံ၏ တရုတ်နှင့်ကုန်သွယ်မှုပမာဏမှာ ပြည်ပကုန်သွယ်မှု၏ ၂၄ ဒသမ ၂၁ ရာခိုင်နှုန်းဖြစ်

(၅)ကြိမ်မြောက် တရုတ်-အာဆီယံ စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေး၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် မိန့်ခွန်းပြောကြား

နေပြည်တော် အောက်တိုဘာ ၂၃

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် အောက်တိုဘာ ၂၂ ရက် နံနက် ၁၀ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့ရှိ The People's Hall of Guangxi ၌ ကျင်းပသည့် (၅)ကြိမ်မြောက် တရုတ်-အာဆီယံ စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေး [The 5th China-ASEAN Business & Investment Summit] သို့ တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။ **(အပေါ်ပုံ)**

တက်ရောက်

(၅)ကြိမ်မြောက် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ ဝမ်ကျိရှန်၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆင်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ဘွန်ညံဗိုရာချစ်၊ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr.Hoang Trung Hai၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မောင်ရှိန်၊

စာမျက်နှာ ၉ ကော်လံ ၁ ●

ထစ်ချုန်းမိုး

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပါသည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

မြဝတီဘဏ်လီမိတက်(နေပြည်တော်) ဘဏ်အဆောက်အအုံသစ်နှင့် ဘဏ်ဖွင့်ပွဲ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး တက်ရောက်ချီးမြှင့်

နေပြည်တော် အောက်တိုဘာ ၂၃

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးသည် ယနေ့ နံနက် ၈ နာရီတွင် ကျင်းပသည့် မြဝတီဘဏ်လီမိတက် (နေပြည်တော်) ဘဏ်အဆောက်အအုံသစ်နှင့် ဘဏ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေး ချီးမြှင့်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး မြဝတီဘဏ်လီမိတက် (နေပြည်တော်) ဘဏ်အဆောက်အအုံသစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

တက်ရောက်

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ပုဂ္ဂလိကဘဏ်များမှ ဥက္ကဋ္ဌများ၊ အမှုဆောင် ဒါရိုက်တာများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများတက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်

စာမျက်နှာ ၃ ကော်လံ ၃ ■